ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (2-4-2006) (၄၉၁၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု မိုးစပါးနှင့်နွေစပါး စိုက်ကွေပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးမှာကြား

နေပြည်တော်မြို့တော်　　ဧပြီ　　၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၂၉ရက် နံနက် ၁၀နာရီတွင် မွန်ပြည်နယ် စစ်တောင်းတံတားသို့ ရောက်ရှိရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်တောင်းတံတားဆည့်ရိပ်သာ၌ တာဝန်ရှိသူများက စစ်တောင်းတံတားနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာ ကျုံပကူးချောင်း တံတား တည်ဆောက်ပြီးစီးမှုနှင့် ကျေးရွာအခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဝင်းကံ–သုံးခွ–လင်ထွင်း ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကရင်ပြည်နယ် ဒုံသမိတံတားသို့ ရောက်ရှိရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဆွေ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြိုင်ကလေးရှိ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံရှင်းလင်း ဆောင်၌ ဗိုလ်မှူးကြီးသိန်းတန်က စက်ရုံ၏ ကုန်ထုတ်လုပ်မှု အခြေအနေများနှင့် ဝန်ထမ်း ခန့်ထား ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စက်ရုံ၏ ကုန်ထုတ်လုပ်မှု စဉ်ဆက်မပြတ် တိုးတက် မြင့်မားအောင် ဆောင်ရွက်ရေး၊ စက်ယန္တရားများ ပျက်စီးမှုမရှိအောင် ဂရုပြုစစ်ဆေးဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံ အစိုးရ ကွန်ပျူတာကောလိပ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်တာနက်သတင်း

လူ၏အသံလှိုင်းနှုန်းဖြင့် သရုပ်ဖော်ပေးမည့် အထည်အလိပ် ဒီဂျစ်တယ်ဒီဇိုင်း တီထွင်

တိုကျို　　ဧပြီ　　၁

လူ့အသံ၏ကြိမ်နှုန်း(သို့မဟုတ်)လှိုင်းနှုန်း (Frequencies) ဖြင့် အထည်အလိပ်များ၏ ဒီဇိုင်းသရုပ်ဖော်ပုံအမျိုးမျိုးကို လိုသလို ရေးဆွဲနိုင်သည့် ကွန်ပျူတာဆော့ဖ်ဝဲတစ်မျိုးကို ဩစတြေးလျလူမျိုး သိပ္ပံပညာရှင်တစ်ဦးက တီထွင်ထားပြီဖြစ်ကြောင်း ဧပြီ ၁ ရက် အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

သိပ္ပံပညာရှင် ပယ်ရီပရော့စကီးသည် ဂျပန်လူမျိုးတို့၏ အထည်အလိပ်ဒီဇိုင်းပုံစံများကဲ့သို့သော လှပဆန်းကြယ်သည့် ဒီဇိုင်းပုံစံများကို လိုအပ်သလိုထုတ်လုပ်လာနိုင်အောင် ကွန်ပျူတာဒီဂျစ်တယ် အနုပညာကို အခြေခံလျက် ကွန်ပျူတာဆော့ဖ်ဝဲတစ်မျိုးကို တီထွင်ထုတ်လုပ်ထားသည်။

ကွန်ပျူတာသုံး သင်္ကေတများသည် အသေးစိတ် ခြယ်မှုန်းရန်လိုအပ်သော အထည်အလိပ်ဒီဇိုင်းပုံစံများ တီထွင်ပြုလုပ်ရာ၌ အသုံးတည့်လှကြောင်း၊ ဒီဂျစ်တယ်အနုပညာဖြင့် ဒီဇိုင်းပုံစံများကို ထုတ်ယူရာတွင် လူ့အသံဖြင့် ပုံသွင်းပေးမည့် ကွန်ပျူတာဆော့ဖ်ဝဲရရှိရန် လိုအပ်ကြောင်း ပရော့စကီးက ပြောကြားသည်။ ကွန်ပျူတာဒီဇိုင်းများ ဖန်တီးပေးရာတွင် အသုံးပြုသည့် ဆော့ဖ်ဝဲမှာ လူ၏အသံလှိုင်းနှုန်း အတိုးအကျယ်၊ အတက်အကျဖြင့် ဒီဇိုင်းပုံစံများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။　**အင်တာနက်**

လူ၏အသံလှိုင်းနှုန်းဖြင့် အထည်အလိပ် ဒီဇိုင်း ပုံစံအမျိုးမျိုးအား ထုတ်လုပ်ပေးနိုင်သော ကွန်ပျူတာ ဆော့ဖ်ဝဲဖြင့် ဖန်တီးထားသည့် ဒီဂျစ်တယ် ပုံရိပ် တစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ယနေ့မိုးလေဝသ

(၂–၄–၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၄-၂၀၀၆
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး နိုင်ငံတော်နှင့်ပြည်သူ လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ယှက်နွယ်ပေါင်းစည်းပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်ပေါင်းစုံမှ ဖန်တီးဖော်ဆောင်ပေးနေသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့် အကျိုးရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူများအားလုံး မျှဝေခံစားနိုင်စေရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ၏ ခေနအင်အား တောင့်တင်းခိုင်မာရေးတွင် ပင်မစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေရရှိရေးအပါအဝင် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

စက်မှုကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံကြီးများ၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံအသစ်များနှင့် စက်မှုဇုန်များကို တိုးချဲ့တည်ဆောက် ပေးလျက်ရှိသည့်အပြင် ခေတ်မီစက်မှုနည်းပညာများ အသုံးပြုရေး၊ အရည်အသွေးမြင့်စက်ရုံများ ထူထောင်နိုင်ရေးတို့အတွက်လည်း အားပေးကူညီလျက်ရှိသည်။

အလားတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက်လည်း အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ စိတ်အေးချမ်းမြေ့လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအစီအမံများကို နိုင်ငံတစ်ဝန်း ချမှတ်ဖော်ဆောင် ပေးလျက်ရှိသည်။

နယ်မြေဒေသအလိုက် ကူးသန်းဆက်သွယ်ရောင်းဝယ်မှု တိုးတက်ဖြစ်ထွန်းပြီး လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပဓာနကျသည့် လမ်းမကြီးများနှင့် မြစ်ကူးချောင်းကူး တံတားကြီး၊ တံတားငယ် အသွယ်သွယ်ကို အရှိန်အဟုန်ဖြင့် ဖောက်လုပ် တည်ဆောက်ပေးနေကြောင်း တွေ့ရသည်။

ယခုတစ်ဖန် ဧရာဝတီတိုင်းအတွင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ်နှင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တို့ကို ဆက်သွယ်သည့် ပမ္မဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ပမ္မဝတီတံတား(မြင်းကဆိပ်)ကို မတ်လ ၂၃ ရက်နေ့က ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါတံတားကို မြန်မာအမျိုးသမီး အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပမ္မဝတီတံတားသည် အရှည်ပေ ၁၂၆၀ ရှိသည့် ကြိုးတံတားအမျိုးအစားဖြစ်ပြီး အဆိုပါတံတားကို ဖွင့်လှစ်လိုက်သည့်အတွက် ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ယခင်လမ်းဟောင်းဖြစ်သည့် ပုသိမ်-ဒါးက-အိမ်မဲ ကားလမ်းထက် ၃၃ မိုင် လျော့နည်းပြီး အချိန်တိုအတွင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ထို့အပြင် ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၈၀၀ ကျော်မှ ကျေးလက်နေပြည်သူ ခုနစ်သိန်းကျော်တို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ရရှိဖြစ်ထွန်းလျက်ရှိသည့် အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ခမ္မဒူတ ဇေတဝန်တောရ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ခမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီးတွင် သင်္ကြန်တရားစခန်းကို ဧပြီ ၁၄ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ယောဂီဦးရေ ကန့်သတ်ထားပါ၍ ကြိုတင်စာရင်းပေးသွင်းထားသူများကိုသာ လက်ခံမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူများသည် ဧပြီ ၁၄ရက် နံနက် ၈နာရီထက် နောက်မကျဘဲ အရောက်လာကြရန်နှင့် ဧပြီ ၆ရက်မှစ၍ ရှုံးဟုပ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ဦးဝင်းရွှေ(မှော်ဘီ) ဖုန်း-၆၂၀၅၂၀၊ ဦးမျိုးမြင့်(ပဲခူး)ဖုန်း-၀၅၂-၂၂၁၃၆၊ ဦးသိန်းဝင်း ဖုန်း-၅၄၀၀၉၂နှင့် ဦးလှကြည် ဖုန်း-၂၄၀၄၀၀ လိုင်းခွဲ(၃၀)တို့ထံဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ ဦးကျော်မြင့်-ဒေါ်တင်ရွှေ၊ သမီး- Dr. ခင်ဝင်းဝင်းမြင့်၊ သား-ဦးကျော်ကျော်ဦး-ဒေါ်ခင်ခင်ယု၊ သား-ဦးကျော်ကျော်စိုး-ဒေါ်နီနီငွေး၊ မြေး-သီဟန်ကျော်၊ သီရိကျော်နှင့် အိမ်ဖြိုး မိသားစုက ဒဂုံမြို့နယ်၊ အမှတ်(၁၂)၊ စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)တိုးချဲ့ မြေကွက်သစ် ဝယ်ယူရန်အတွက် ပြွန်တန်ဆာမြို့နေ ဦးလှမြင့်-ဒေါ်ပြုံးကြည်၊ သမီး မသီရိရတနာမြင့် (သီရိရတနာရွှေဆိုင်) မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သတ္တမအကြိမ် ခမ္မပူဇာသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁

ဒေါပုံမြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ သတ္တမအကြိမ် ခမ္မပူဇာသဘင်ကို မြို့နယ်ခမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၇ရက်တွင် တွံတေးအရှင်ဣန္ဒက (မဟာစည် နယ်လှည့်ဓမ္မကထိက)၊ ၈ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) သီတဂူကြာတစ်ပွင့်၊ ၉ရက်တွင် ဘဒ္ဒန္တဇာဂရာဘိဝံသ(ကလေးဝတောရ ဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ ၁၀ရက်တွင် (ခမ္မဒူတ) ဘဒ္ဒန္တဒေါက်တာ အရှင်ပညိသရ၊ ၁၁ရက်တွင် တွံတေးအရှင်ကောဝိဒ (နိုင်ငံတော်ဗဟိုသံဃာ့သမ္မုတိရ) တို့က နေ့စဉ် ညနေ ၆နာရီစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

မိုးကုတ်ဝိပဿနာ ခမ္မရိပ်သာတရားစခန်းပွဲကို ကံသာ အနောက်ကျောင်း ဝဲကျွန်းထိန်သစ်ရပ် ထားဝယ်မြို့၌ ဧပြီ ၁၁ရက် (တန်ခူးလဆန်း ၁၄ရက်) မှ ဧပြီ ၁၁ရက်(နှစ်ဆန်းတစ်ရက်) အထိ ဖွင့်လှစ်မည်ဖြစ်သည်။

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်းပွဲတွင် နယ်လှည့်ဓမ္မကထိက အရှင်သုန္ဒရ ကမ္မဋ္ဌာနာစရိယ ဆရာတော်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများနှင့် လှူဒါန်းလိုသူများသည် ကံသာ အနောက်ကျောင်း ဆရာတော်ထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စပါးနှင့်သီးနှံများ အခြောက်ခံခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်း နည်းပညာဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ စပါးနှင့်သီးနှံများ အခြောက်ခံခြင်းနှင့် သီးနှံအရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြရှင်းလင်းပွဲကို ယနေ့နံနက် ၉နာရီက လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဦးရွှေဘင်လမ်း အမှတ် (၁၄၃)ရှိ သောင်းဝင်းစက်မှုလက်မှုခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများနှင့် ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ မျိုးအောင်ကျော်က သီးနှံအရည်အသွေး ထိန်းသိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် မြန်မာနိုင်ငံနှင့် သင့်လျော်သော စပါးအခြောက်ခံစက် စာတမ်းနှစ်စောင်တို့ကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် အငြိမ်းစားစိုက်ပျိုးရေး ပညာရှင် ဦးဗဟိန်းက စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်း စာတမ်းကို ဖတ်ကြားတင်ပြသည်။ ထို့နောက်တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို စာတမ်းရှင်တို့က ပြန်လည် ရှင်းလင်းဖြေကြားသည်။

ဒုတိယပိုင်း အစီအစဉ်အရ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီးနောက် Trust & Development Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်က သီးနှံအရည်အသွေးထိန်းသိမ်းမှုအတွက် လိုအပ်သော ကိရိယာများ စာတမ်းကို ဖတ်ကြားတင်ပြသည်။ ထို့နောက် ဝိစာရ အင်တာနေရှင်နယ်မှ မန်နေဂျာ ဦးစန်းမြင့်က သီးနှံသိုလှောင်ရေး ဖျက်ပိုးများ ကာကွယ်နှိမ်နင်းခြင်းစာတမ်းကို လည်းကောင်း၊ ဦးသောင်းဝင်း(သောင်းဝင်းစက်မှုလက်မှု) က သီးနှံအတွက် အခြောက်ခံစက် စာတမ်းကိုလည်းကောင်း၊ ဦးတင်ဦး (Engineering Group) က စပါးအခြောက်ခံစက် အတွေ့အကြုံစာတမ်းကိုလည်းကောင်း ဖတ်ကြားပြီး လက်တွေ့သရုပ်ပြသသည်။ **(ဓာတ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ (သတင်းစဉ်)



ကောင်းကင်သစ် စေတီတော်

(က)

သဘာဝကောင်းကင်အောက်မှာ ကောင်းကင်သစ်တစ်ခု ဖြစ်ထွန်းလာလျက်ရှိ၏။ သဘာဝကောင်းကင်က အပြာရောင်ဖြစ်သော်လည်း ယခုကောင်းကင်သစ်က ရွှေရတနာအရောင် ရွှေဝါရောင်ဖြစ်၏။ သည်ရွှေဝါရောင်ကောင်းကင်သစ်က သန္တိသုခ (အေးငြိမ်းချမ်းသာ)ကို ပေးအပ်လျက်ရှိ၏။

မှန်းမျှော်ကြည့်ပါဘိ။ အဌဂံပုံကုန်းမြင့်ပေါ်သို့ အရှေ့အရပ်ဘက် သရက်ကင်းလှေကားထစ်များပေါ်မှ ဖြတ်ကျော် တက်လှမ်းလိုက်လျှင် အဌဂံပုံပင်ဖြစ်သော အမြင့်ပေ၂၀ရှိ ပန်းတင်ခုံထက်၌ ရွှေတိဂုံပုံတူစေတီတော်ကို ဖူးမြင်ရသကဲ့သို့ ပန်းတင်ခုံအတွင်း ဝင်နိုင်သော ပန်းပေါင်တံခါးမှ အတွင်းသို့ဝင်လိုက်လျှင် ဟင်းလင်းပြင်ထဲ ရောက်သွားသလို ခံစားရမည်။ တရွေ့ရွေ့ တိုးလှမ်းသွားလေလေ ဟင်းလင်းပြင်က ကျယ်လာလေလေ ခံစားရမည်။ ဟင်းလင်းပြင်သို့ မော့ကြည့်လိုက်လျှင် ရွှေရတနာအရောင် ရွှေဝါရောင်တို့ဖြင့် ပြောင်တဝင်းဝင်း လင်းတထိန်ထိန် မျက်စိစိမ်နိုင်ကြမည်။

သဘာဝကောင်းကင်ပြာက မြေပြင်ပေါ် အုပ်မိုးထားသောအသွင် ပန်းတင်ခုံအတွင်းလိုဏ်ကို တိုင်တစ်လုံးမျှမခံဘဲ စက်ဝိုင်းတစ်ဝက်သဏ္ဍာန် (သို့မဟုတ်) ဂ အက္ခရာသဏ္ဍာန် အဆင့်မြင့် နည်းပညာဖြင့် တည်ဆောက်ထားခြင်းဖြစ်သောကြောင့် ကောင်းကင်သစ်သဖွယ် တည်ရှိနေခြင်းဖြစ်တော့သည်။ ယင်းကောင်းကင်သစ် တစ်ပြင်လုံးကို ရွှေရတနာရောင်တို့ဖြင့် ခြယ်သထားခြင်းကြောင့် ရွှေဝါရောင်ကောင်းကင်သစ်အဖြစ် ထွန်းသစ်လာလျက် ရှိတော့သည်။ ယင်းကောင်းကင်သစ်၏ မိုးကုပ်စက်ဝိုင်းပတ်ပတ်လည်၌ အရပ်ရှစ်ဖက်သို့ မျက်နှာတော်မူ ကာ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူ စံပယ်တော်မူလျက်ရှိရာ ရုပ်ပွားတော်တို့မှ ကွန့်မြူးသော ရွှေရတနာရောင်နှင့် ကောင်းကင်သစ်၏ ရွှေဝါရောင်တို့သည် အရောင်ချင်းယှက် ပြိုးပြိုးပြက်နေတော့ရာ လာရောက်ဖူးမြော်သူ လူသားကိုယ်တိုင်ပင် တဒင်္ဂကာလ ရွှေမနုသ ဖြစ်လာရလေတော့၏။

အရှေ့အရပ်ဘက် မျက်နှာမူကာ စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓကိုယ်ပွားရုပ်ပွားတော်၏ လက်ယာဘက်လက်တော်၌ အငြိမ်း ဓာတ်ပြဒြပ်သဏ္ဍာန်တစ်ခုကို လက်မတော်နှင့် လက်ညှိုးတော်တို့ဖြင့် ကိုင်စွဲကာ လာရောက်ဖူးမြော်သူတို့အား ပေးသနားစွန့်တော်မူမည့်ဟန် ထင်ဟပ်လျက်ရှိ၏။ ထို့ကြောင့်ပင် ဖူးမြော်သူနှလုံးသားသို့ အငြိမ်းဓာတ် သက်ဝင်ကာ ပူပင်ခပ်သိမ်း ချုပ်ငြိမ်းကင်းပ အေးမြသော ပဿဒ္ဓိ ဖြစ်ရှိခံစားရလေတော့၏။

အရပ်ရှစ်မျက်နှာ သတ္တဝါအနန္တ ဘေးဘယကင်းကွယ် အန္တရာယ် ကင်းပအောင် အမတမြတ် အငြိမ်းဓာတ်ကို ပေးအပ်စွန့်သနားတော်မူသော ရှစ်ဆူရုပ်ပွားများမှ ငွားငွားစွင့်ကွန့်မြူးသည့် ရောင်ရွှေရတနာတို့သည် အရပ်ရှစ်မျက်နှာ ဖြန့်ကာတက်သွားသော် ရွှေဝါရောင်ကောင်းကင်သစ်က နှစ်သက်ကြည်ညိုစွာ ခံယူဖြန့်ကြက်လိုက်သည့် တဒင်္ဂဝယ် လောကအလုံး ရွှေရောင်ဖုံးမြင်ကွင်း ရင်တွင်း၌ ကြည်ညိုရွှန်းစိုသော သဒ္ဓါစစ်ဖြင့် “ကောင်းကင်သစ်စေတီ”ဟု ရင်တွင်းဖြစ် ဘွဲ့ချီးပူဇော်အပ်ပါသော ဤစေတီမြတ်၏ မူလဘွဲ့နာမတော်မှာ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် ဖြစ်ပါသည်။

(ခ)

ယင်းမဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတည်ရှိရာ နေရာသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း ဝိကာသိနီကုန်းတော်ဖြစ်၏။ ရှမ်းပြည်နယ်တောင်ကြီးမြို့မှ ပြည်ထောင်စု လမ်းမကြီးအတိုင်း အရှေ့တောင်ယွန်းယွန်းသို့ မော်တော်ယာဉ်ဖြင့်လာလျှင် ဟိုပုန်းမြို့၊ မိုင်းပွန်မြို့နှင့် လွိုင်လင်မြို့များကိုဖြတ်ကာ နှစ်နာရီကျော်ကျော်အချိန်အတွင်း ပင်လုံမြို့သို့ ရောက်ရှိနိုင်၏။ တစ်နည်းပြောရလျှင် တောင်ကြီးမြို့မှ နေ့ချင်းပြန် ဘုရားဖူးနိုင်ပါ၏။

ယခင်တစ်ချိန်တုန်းကဆိုလျှင် နေ့ဝက်ကျော် အချိန်ကုန်ရသော ဤခရီးသည် ယနေ့သော် တောင်တက်လမ်းများ ကျယ်ပြန့်လာခြင်းနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာခြင်းတို့ကြောင့် အချိန်တိုခရီးရောက် ဖြစ်လာလျက်ရှိနေလေပြီ။ ထို့အပြင် ယခင်တစ်ချိန်တုန်းက လက်နက်ကိုင် ဆန့်ကျင်မှုများကြောင့် ဤလမ်းတစ်လျှောက်၌ သွေးစေးတွေ မခြောက်ခဲ့ပေမင့် ငြိမ်းချမ်းရေးရောင်ခြည် တောက်လာသော ယနေ့ဝယ် နေ့နေ့ညည စိတ်ချစွာ သွားလာနိုင်နေပြီလည်း ဖြစ်၏။

ယင်းသို့သော ကောင်းကျိုးရလဒ်များ ဖြစ်ထွန်းလာအောင် တပ်မတော်အစိုးရသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ရွှေလက်ဖြင့် ခေါ်ဆောင်ခဲ့ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး(၅)ရပ် လုပ်ငန်းစဉ်တို့ဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်လာစေရန် အားသန်မာန်ထား ကြိုးစားဖြည့်ဆည်းပေးခဲ့လေ၏။

ထို့ကြောင့်ပင် ဤဒေသတစ်ခွင်ဝယ် ယခုအခါ ပင်လုံတက္ကသိုလ်၊ အစိုးရ ကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာ ကောလိပ်တို့၌ အဆင့်မြင့်ပညာရပ်များကို ဒေသခံပြည်သူများ၏ ရင်သွေးရတနာများ အလွယ်တကူ သင်ယူခွင့်ရရှိလာခြင်း၊ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ခံယူရရှိလာခြင်း၊ လမ်းများအဆင့်မြှင့်ပေးမှုနှင့် တံတားကြီးငယ်များ လိုအပ်သလို တည်ဆောက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကာ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊အရှေ့ပိုင်း) မည်သည့်ပိုင်းသို့မဆို လွယ်ကူစွာသွားလာနိုင်ခြင်း၊ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းစခန်း တည်ဆောက်ပေးမှုကြောင့် စက္ကန့်ပိုင်းအတွင်း နိုင်ငံရပ်ခြားသို့ စကားဆက်သွယ် ပြောဆိုလာနိုင်ခြင်း၊ ဝမ်ပုံဆည် (နမ့်စန်မြို့) မြစ်ရေတင်စီမံကိန်း (လင်းခေးမြို့)တို့ကို တည်ဆောက်ပေးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍ ကျယ်ပြန့်လာသလို သန့်ရှင်းသော သောက်သုံးရေ အလျှံပယ်ရရှိလာခြင်း၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း (ကျိုင်းတောင်း) ပြီးစီးသွားလျှင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်း ကျေးရွာများအထိ ရေအားလျှပ်စစ်ရရှိကာ လျှပ်စစ်ဖြင့် စီးပွားဥစ္စာ

ရတနာစည်ဆရာတော် (လွိုင်လင်)

တိုးတက်အောင် ဆောင်ရွက်နိုင်မည့် အနာဂတ် အလင်းတန်းဖြစ်လာလျက်ရှိခြင်း စသည်ဖြင့် တပ်မတော်အစိုးရ စေတနာဓာတ်၏ ဒြပ်ပုံအထုအထည်တို့ကြောင့် ရှမ်းပြည်နယ်တစ်ခွင်လုံး တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ယခုဆက်လက်၍ လွတ်လပ်ရေးသန္ဓေ ပြည်ထောင်စုအောင်မြေဖြစ်သည့် ပင်လုံဒေသဝယ် ပြည်ထောင်စုကျောက်တိုင်နှင့်အတူ ဘာသာသာသနာ၏ ကျောက်တိုင် သဖွယ်ဖြစ်သော စေတီတော်တစ်ဆူ တည်ထားကိုးကွယ် ပူဇော်ရေးစီမံကိန်း ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“မြန်မာနိုင်ငံ လွတ်လပ်ရေးခရီးတစ်လျှောက် မိမိနိုင်ငံ မိမိလူမျိုးအကျိုးစီးပွားအလို့ငှာ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကုသိုလ်ရိပ်ကွန်းအဖြစ်လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးအားလုံးအတွက် နိစ္စဘတ်ကုသိုလ်ဒြပ်အဖြစ် လည်းကောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ပြည်ထောင်စုစိတ်ဓာတ်ကြေးမုံပြင်အဖြစ်လည်းကောင်း၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးအတွက် အမြတ်ဆုံးကိုးကွယ်ရာ ဒြပ်ပုံအဖြစ် လည်းကောင်း ထင်ဟပ်မြဲတည်နေမည့် စေတီတော်တစ်ဆူ တည်ထားကိုးကွယ် ပူဇော်ရန်”

လမ်းညွှန်ခဲ့သည်နှင့်အညီ တပ်မတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စေတီတော်တည်ထား ကိုးကွယ်ပူဇော်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးဖွဲ့စည်း၍ စေတီတော်တည်ဆောက်ရေးအပိုင်းကို အေးရှားဝေါ(လ်) ကုမ္ပဏီကတာဝန်ယူ၍ အဆင့်မြင့်နည်းပညာပိုင်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လိုအပ်သလိုကူညီလျက် ဆောင်ရွက်ခဲ့ကြရာ လုပ်ငန်းအလုံးစုံ ဥသုံအောင်မြင် အောင်ပွဲဆင်နိုင်ကြပါပြီ။

(ဂ)

ဥသုံအောင်မြင် အောင်ပွဲကြီးဆင်ရာ၌ ဌာပနာတော်သွင်းပွဲနှင့် ရွှေထီးတော်တင်ပွဲဟု နှစ်ပွဲနှစ်ကျော့ဆောင်ရွက်ကြမည်ဖြစ်ရာ အလယ်ဌာပနာတော်သွင်း မင်္ဂလာ၊ ပန်းလည်တိုင်စိုက်ထူမင်္ဂလာ၊ အထက်ဌာပနာတော်သွင်းမင်္ဂလာ မင်္ဂလာသုံးရပ် ဆက်စပ်ဆင်နွဲသော ပထမအောင်ပွဲကို ၅-၂-၂၀၀၆ ရက်မြတ်မင်္ဂလာ နံနက်နေတက်ချိန်ဝယ် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပြည်နယ် သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်များနှင့် ပင့်သံဃာတော် ၄၅ ပါးတို့အားပင့်ဆောင်လျက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကိုယ်တိုင် ဖြိုင်ဖြိုင်ဖြိုးရွှာ စေတနာဖြင့် ကမ္ဘာမိုးမြေတည်နေသမျှ ဗုဒ္ဓသာသနာ တည်စိမ့်ငှာလျှင် သဒ္ဓါထက်သန် လက်လက်လျှံရှင်း ဒေသခံပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါပြီ။

အရုဏ်ဦးကာလမှစ၍ သက်တော်ထင်ရှား မြတ်ဘုရားသို့ ရည်မှန်းလျက် အရုဏ်ပူဇော်အဖြစ် အာမိသ၊ ဓမ္မတို့ဖြင့်ပူဇော်ခြင်း၊ ညကျိန်းပင့်ဆောင်ထားသော ဆရာတော် ၄၅ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်ပြီး မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်သို့ ပင့်ဆောင်ကာ ဂန္ဓကုဋိတိုက်ဖြစ်သော စေတီအတွင်းလိုဏ် ကောင်းကင်သစ်အောက်၌ တိုင်းမှူးနှင့် ဇနီးအမှူးပြုသည့် ဥပါသကာ၊ ဥပါသိကာမတို့က သရဏဂုံ သီလခံယူဆောက်တည်ကြခြင်း စသော ရှေးဦးပြုဖွယ်ကိစ္စများနှင့်တကွ တိုင်းမှူးကိုယ်တိုင် အလယ်ဌာပနာတော် သွင်းလှူပူဇော်ခြင်း၊ ပန်းလည်တိုင်စိုက်ထူပူဇော်ခြင်း၊ အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်းတို့ကို ချွတ်ယွင်းချက်မရှိ ပကတိစင်ကြယ် တင့်တယ်ကောင်းမွန်စွာ ဆောင်ရွက်အောင်မြင်ပါသည်။

ဤအခမ်းအနားကြီး အစမှအဆုံး အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဓိယ (M.A) အရှင်မြတ်ဦးဆောင်လျက် ဗုဒ္ဓဝင်၊ ထူပဝင် စသော ကျမ်းများ၊ သတ္တုရုပကဝိလာသိနီကျမ်း၊ ပဋိမာကျမ်း၊ ဗိသုကာကျမ်းများ၌ လာရှိသည့် ရှေးစံနှုန်းထုံးတမ်းများနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးခြင်း၊ ဝေယျာဝစ္စပိုင်းအနေဖြင့် မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး၊ လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး အမှူးပြုသည့် တပ်မတော်သားများ၊ လွိုင်လင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသုတဖေ အမှူးပြုသည့် တာဝန်ရှိပုဂ္ဂိုလ်များ ဦးဆောင်သော ကော်မတီများက တက်ကြွစွာ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများကလည်း ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြခြင်းတို့ဖြင့် ဌာပနာတော်သွင်းမင်္ဂလာ ကောင်းစွာ အောင်မြင် အောင်ပွဲဆင်နိုင်ပါပြီ။

အောင်ပွဲဆင်အထိမ်းအမှတ်အဖြစ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် အထက်ဌာပနာတိုက်ကိုပိတ်၍ အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ပြီးသည်နှင့် တစ်ပြိုင်နက် အထက်ဌာပနာတိုက် ငြမ်းထက်မှ ရွှေမိုးငွေမိုးသွန်းဖြိုးရွာချသောအခါ ငွေပွင့်ငွေပေါက်များမှာ လေအဟုန့်တွင် ဝေ့၍ ပျံလိုက်၊ လေအဆွဲတွင် ဝဲ၍ကျလိုက်ဖြင့် ရွှေမိုးခံ ပရိသတ်ကြီးအပေါ် ဖျန်းပက်လျက် ရှိပါတော့၏။

(ဃ)

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကို အဝေးမှဖူးမြော်လျှင် ရွှေတိဂုံစေတီတော်ကြီးအသွင် ဖူးမြင်ရပါ၏။ အဌဂံ ဂန္ဓကုဋိတိုက်အတွင်း ဝင်ရောက်ဖူးမြော်လျှင်မူ ကောင်းကင်သစ်စေတီအသွင် ဖူးမြင်ရမည် မုချဖြစ်၏။ မြန်မာနိုင်ငံ၌ ပထမဦးဆုံး အဆင့်မြင့်နည်းပညာဖြင့် အတွင်းလိုဏ်ကို တည်ထားသောကြောင့် ဖြစ်ပါ၏။

အပြာရောင်ကောင်းကင်သည် ဘယ်အနာဂတ်ကာလမှာမှ ပြိုကျပျက်စီးလိမ့်မည်မဟုတ်။ အက်ကွဲခြင်း၊ ပေါက်ပြဲခြင်း အလျှင်းမရှိသာဖြစ်၏။ ယင်းဂုဏ်ရည်တို့ဖြင့် အပြာရောင်ကောင်းကင်က ရွှေဝါရောင်ကောင်းကင်သစ်စေတီကို ဦးချီပူဇော်နေရကား **ကောင်းကင်သစ်စေတီတော်** စံပျော်တည်ရာ ပြည်မြန်မာသည်လည်း ဘယ်ခါကာလမဆို ပြိုခြင်း၊ ပျက်ခြင်း၊ အက်ခြင်း၊ ကွဲခြင်း အလျှင်းမရှိ အဘိသာမဂ္ဂီ စီရရီစွင့်ကား မြင့်မားကျယ်ပြောလျက်သာ ရှိနေလေတော့သတည်း။ ။

အရပ်ရှစ်မျက်နှာ သတ္တဝါအနန္တ ဘေးဘယကင်းကွယ် အန္တရာယ် ကင်းပအောင် အမတမြတ် အငြိမ်းဓာတ်ကို ပေးအပ်စွန့်သနားတော်မူသော ရှစ်ဆူရုပ်ပွားများမှ ငွားငွားစွင့်ကွန့်မြူးသည့် ရောင်ရွှေရတနာတို့သည် အရပ်ရှစ်မျက်နှာ ဖြန့်ကာတက်သွားသော် ရွှေဝါရောင်ကောင်းကင်သစ်က နှစ်သက်ကြည်ညိုစွာ ခံယူဖြန့်ကြက်လိုက်သည့် တဒင်္ဂဝယ် လောကအလုံး ရွှေရောင်ဖုံးမြင်ကွင်း ရင်တွင်း၌ ကြည်ညိုရွှန်းစိုသော သဒ္ဓါစစ်ဖြင့် “ကောင်းကင်သစ်စေတီ” ဟု ရင်တွင်းဖြစ် ဘွဲ့ချီးပူဇော်အပ်ပါသော ဤစေတီမြတ်၏ မူလဘွဲ့နာမတော်မှာ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် ဖြစ်ပါသည်။

အနုပညာ ပစ္စည်းများ ဖျက်ဆီးမှုရန်မှ ကင်းဝေးရေး နာမည်ကြီး ရေသူမရုပ်တု နေရာရွှေ့ပြောင်းမည်

စတော့ဟုမ်း မတ် ၃၁

အနုပညာ အလုအပပစ္စည်းများကို ဖျက်ဆီးမှုရန်မှ ကာကွယ်ရှောင်ရှားနိုင်ရေးအတွက် ဒိန်းမတ်နိုင်ငံ၏ မြို့တော်ကိုပင်ဟေဂင်၏ ကမ်းခြေအနီးရှိ နာမည်ကြီး ရေသူမရုပ်တုကို ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ကို ဒိန်းမတ်အစိုးရက ချမှတ်ဖွယ်ရှိကြောင်း စတော့ဟုမ်းရှိ ဒိန်းမတ်သတင်းဌာန၏ သတင်းများအရ သိရှိရသည်။

အင်ဒါဆင်ပုံပြင်များ စာအုပ်မှ ဇာတ်ကောင်တစ်ကောင်ကို အခြေပြုပြီး ထုဆစ်ထားသည့် အမြင့် ၁၂၅ စင်တီမီတာရှိ ကြေးလက်ရာ ရေသူမရုပ်တုကို ကိုပင်ဟေဂင်မြို့၏ သင်္ဘောဆိပ်အစွန်းတွင် ထိုင်နေပုံအနေအထားဖြင့် ၁၉၁၃ ခုနှစ်နောက်ပိုင်းတွင် ထုလုပ်ထားရှိခဲ့သည်။

အဆိုပါ ရေသူမရုပ်တုကို ကမ်းခြေမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသင့် မရွှေ့ပြောင်းသင့် ကိစ္စအပေါ် ယခုနှစ်ကုန်ပိုင်းတွင် ဆုံးဖြတ်ချက်ချမည်ဖြစ်သည်ဟု လမ်းနှင့်ပန်းခြံများဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ကျောက်တုံးများ ဝိုင်းရံနေပြီး ကွန်ကရစ်စကြံမှ တက်သွားရုံဖြင့် အလွယ်တကူ ရုပ်တုပေါ်သို့ ရောက်ရှိနိုင်သည်။ အဆိုပါ ရေသူမရုပ်တုသည် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားဧည့်သည် တစ်သန်းခန့်ကို ဒိန်းမတ်နိုင်ငံသို့ လာရောက် ရန် ဆွဲဆောင် နိုင်ခဲ့သော လက်ရာလှပသည့် အနုပညာမြောက် ရုပ်တုလည်းဖြစ်သည်။

ခရီးသွားဧည့်သည်များက ရေသူမရုပ်တုအပေါ် တက်ခဲ့ကြသည်ဟု တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါ ရေသူမရုပ်တုသည် တစ်ချိန်က ခေါင်းဖြတ်ခံခဲ့ရသေးကြောင်း၊ သို့ရာတွင် ပြန်လည်ပြင်ဆင် နိုင်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းရုပ်တုထုဆစ်သည့် လက်ရာရှင်သည် ယခုတိုင် သက်ရှိထင်ရှား ရှိနေ သေးသောကြောင့်ဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အင်ဒါဆင်ပုံပြင်များအရ အဆိုပါ ရေသူမသည် ရှေးဟောင်းဒဏ္ဍာရီပုံပြင်ကို အခြေခံသည့် ဇာတ်လမ်းမှ ဇာတ်ကောင်ဖြစ်သည်။ အဏ္ဏဝါကေရာဇ်၏ သမီးတော်တစ်ပါးသည် မင်းသားတစ်ပါးနှင့် ချစ်ခင်စုံမက်ကြပြီး ရေသူမဘဝမှ လူဖြစ်လာရန်အတွက် နှစ်ပေါင်း ၃၀၀ တိုင် မျှော်လင့်စောင့်စားနေပုံကို ဖော်ကျူးထားသည့် ပုံပြင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘာရိန်းနိုင်ငံ ကမ်းလွန်ဒေသတွင် ကူးတို့တိမ်းမှောက် ၄၈ဦးထက်မနည်း သေဆုံး

ကိုင်ရို မတ် ၃၁

ခရီးသည် ၁၃၀ လိုက်ပါလာသည့် သင်္ဘောတစ်စင်းသည် ဘာရိန်းနိုင်ငံ ကမ်းလွန်ဒေသတွင် နစ်မြုပ်သွားရာ လူ ၄၈ ဦးထက်မနည်း သေဆုံးခဲ့သည်။

ခရီးသည် ၆၃ ဦးကို ဘေးမသီ ရန်မခ ကယ်တင်နိုင်ခဲ့ကြောင်း၊ ခရီးသည် ၁၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိကြောင်း ဘာရိန်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ သင်္ဘောသည် တိမ်းမှောက်ပြီး ပင်လယ်အတွင်း နစ်မြုပ်သွားခဲ့ခြင်း ဖြစ်ကြောင်း၊ ခရီးသည်အများစုမှာ ရေနစ်သေဆုံးကြကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ခရီးသည်များ ဒါဇင်ချီ၍ ပျောက်ဆုံးနေကြောင်း၊ ဘာရိန်းတွင်အခြေစိုက်သည့်အမေရိကန်အမှတ် (၅) ရေတပ်၏အကူအညီဖြင့် ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မတ် ၃၀ရက်က တောင်ကိုရီးယားနိုင်ငံ တေယန်မြို့တွင် အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဒေသခံများက ကန့်ကွက်ဆန္ဒပြကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့တော် အစိမ်းရောင်ဒေသအနီး ဗုံးပေါက်ကွဲ၍ ရဲတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြို့လယ်ဒေသရှိ အစောင့်အကြပ် ထူထပ်စွာ ချထားသည့် အစိမ်းရောင် ဒေသအနီး ရဲအထူးတပ်ဖွဲ့ဌာနချုပ် ဝင်ပေါက်တွင် ဗုံးတစ်လုံး ကြာသပတေးနေ့က ဖောက်ခွဲခံခဲ့ရသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်ကဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

အစိမ်းရောင်ဒေသအနီး နူဆာရင်ပြင်ရှိ အထူးရဲတပ်ဖွဲ့ဌာနချုပ်သို့ မော်တော်ယာဉ်ဖြင့် ဝင်ရောက်လာခဲ့ပြီး ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀တွင် ဖြစ်ပွားခဲ့သည့် အဆိုပါ ဗုံးပေါက်ကွဲမှုသည် အင်အားပြင်းထန်လှကြောင်း၊ သို့ရာတွင် အစောင့်တပ်ဖွဲ့ဝင်များကို ကာကွယ်ထားသည့် ဘိလပ်မြေအရံအတားများကြောင့် လူနှစ်ဦးသာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဗုံးဖောက်ခွဲသူမှာသေဆုံးခဲ့သည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျောက်ဆုံးသွားသော မြင်းများ ရှာဖွေပေးနိုင်သူကို ကားတစ်စီး ဆုပေးမည်

အယ်လ်မာတီ မတ် ၃၁

ကာဇက်စတန်မှ လယ်သမားတစ်ဦးဖြစ်သူ ဇန်ဆက်အယ်လ်ဇာနော့ဗ်က ပျောက်ဆုံးသွားသော ၎င်း၏မြင်းအုပ်ကို ရှာဖွေပေးသူအား ဆုအဖြစ် အဝေးပြေးကားသစ်တစ်စီးကို ပေးမည်ဖြစ်ကြောင်း သတင်းဌာနမှတစ်ဆင့် မတ် ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က မြင်း ၄၅ ကောင် ပျောက် ဆုံးခဲ့ပြီး ယခုအချိန်အထိ ရှာဖွေနေဆဲဖြစ်သည်ဟု ကာဇင်ဖွန် သတင်းဌာနက ဖော်ပြခဲ့သည်။

မြင်းများကို ပြန်လည်တွေ့ရှိမည်ဟု ယခုအချိန်အထိ ယုံကြည် နေကြောင်း၊ မြင်းများမှာ အခိုးခံရသည်ဟု မိမိယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်ကွေ့ကမ်းလွန်တွင် ရေနံသိုက်အသစ် ရှာဖွေတွေ့ရှိ

ပေကျင်း မတ် ၃၁

တရုတ်နိုင်ငံတောင်ပိုင်း ဘိုဟိုင်းပင်လယ်ကွေ့တွင် ရေနံသိုက်အသစ်ရှာဖွေတွေ့ရှိခဲ့ကြောင်း တရုတ်အမျိုးသား ကမ်းလွန်ရေနံကုမ္ပဏီက အင်္ဂါနေ့တွင် ကြေညာသည်။

ရေနံတွင်းသစ်သည် ဘိုဟိုင်းပင်လယ်ကွေ့တောင်ပိုင်း မြစ်ဝါမြစ်ဝတွင် တည်ရှိပြီး ရေအောက်အနက် ၂၁၂၅ မီတာတွင် ရေနံတွေ့ရှိခြင်းဖြစ်သည်။

ရေနံသိုက်

၂၀၀၆ခုနှစ် ဖေဖော်ဝါရီတွင် ရေနံတူးဖော်သည့် လုပ်ငန်းများစတင်ရန် စီစဉ်ထားပြီး ရေနံသိုက်သည် စုစုပေါင်း ၈၅ မီတာထုရှိမည်ဖြစ်ကာ ဓာတ်ငွေ့ထုထည်သည် ရှစ်မီတာခန့် ရှိမည်ဖြစ်သည်။

စမ်းသပ်ရေနံတွင်း နှစ်တွင်းမှ နေ့စဉ်ရေနံပီပါ ၁၉၀၀ နှင့် ဓာတ်ငွေ့ကုဗပေ နှစ်သန်း ထွက်ရှိနေသည်။

စီးပွားရေးအရ တွက်ခြေကိုက်မကိုက် တန်ဖိုးသင့်ရန် အကဲဖြတ်လုပ်ငန်းများ ဆက်လက်ပြုလုပ်မည်ဟု သိရသည်။

ထွက်ရှိနိုင်

မကြာမီနှစ်များအတွင်း အဆိုပါ ကုမ္ပဏီကတွေ့ရှိခဲ့သည့် ရေနံသိုက်သည် ရေနံအများဆုံး ထွက်ရှိနိုင်သည့် ရေနံသိုက်ဖြစ်သည်ဟု အဆိုပါ ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဇူဝယ်လင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တီဟီရန်မြို့အနီး၌ ကုန်တင်လေယာဉ်ပျက်ကျ

တီဟီရန် မတ် ၃၁

ရုရှားကုန်တင် လေယာဉ်တစ်စင်းသည် မတ် ၂၈ ရက်တွင် တီဟီရန်မြို့အနီး၌ ပျက်ကျခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာ ရရှိသူမရှိကြောင်း အီရန်လုံခြုံရေး ထိပ်တန်းအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ပျက်ကျ

အဆိုပါ လေယာဉ်သည် ပျံတက်ပြီး အချိန်အနည်းငယ်အတွင်း အီရန်နိုင်ငံ တီဟီရန်မြို့တော် အရှေ့ဘက် ကာရာမြို့နှင့် ဆာဗိုဒ်-ဗိုလာမြို့ကြား၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အသက်ရှင်လျက်ရှိ

လေယာဉ် ပျက်ကျသော်လည်း လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၂ ဦး အသက်ရှင်လျက်ရှိသည်ဟု ဇာရီယာက ပြောကြားသည်။

လေယာဉ်၏ အင်ဂျင်တစ်လုံး ချို့ယွင်းမှုကြောင့် လေယာဉ်ပျက်ကျရခြင်းဖြစ်သည်ဟု တာဝန်ရှိသူက ပြောကြားသည်။

လေယာဉ်မှာ စက်ပိုင်းဆိုင်ရာ အပိုင်း၌ ချို့ယွင်းနေခြင်း၊ အရေးပေါ်ဆင်းသက်မှု ပြုလုပ်ရန်တို့အတွက် အချက်ပြနိုင်ခဲ့သော်လည်း လေဆိပ်မရောက်မီတွင် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြခဲ့သည်။

စောင့်ကြပ်

လေယာဉ်ပျက်ကျရာသို့ ကယ်ဆယ်ရေးဆောင်ရွက်ရန် မီးသတ်သမား များ အလျင်အမြန်ရောက်လာပြီးအခင်းဖြစ်ပွားရာနေရာကို ရဲများကစောင့်ကြပ်ပေးလျက် ရှိသည်။***အမ်အင်အေ၊ ဆင်ဟွာ။***



အမေရိကန်နိုင်ငံ ကမ်းခြေပေါ်တွင် သောင်တင်သေဆုံးနေသော ဝေလငါးတစ်ကောင်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီး၊ ရုရှားနှင့် အမေရိကန်အာကာသယာဉ်မှူးတို့ ဆိုယုဇ်အာကာသယာဉ်ဖြင့် လိုက်ပါ

ဘိုင်ကိုနော(ကာဇက်စတန်) မတ် ၃၁

ဘရာဇီးနိုင်ငံမှ ပထမဦးဆုံးသော အာကာသယာဉ်မှူးသည် ရုရှား၊ အမေရိကန် အာကာသယာဉ်မှူးတို့နှင့်အတူ အာကာသယာဉ်ဖြင့် မိုးတိမ်ကင်းစင်သည့် ကြာသပတေးနေ့တွင် ကမ္ဘာပတ်လမ်းကြောင်းတွင်းရှိ နိုင်ငံတကာ အာကာသစခန်းဆီသို့ ခရီးနှင်ခဲ့ကြပြီဖြစ်သည်။

အသက် ၄၃ နှစ်ရှိ ဘရာဇီးလေတပ်မှ လေယာဉ်မှူးတစ်ဦးဖြစ်သည့် မာကို့စ် ပွန်တက်စ်သည်ရုရှားအာကာသယာဉ်မှူး ပေဗယ်ဗီနိုဂရာဒေါ့ဗ်၊ အမေရိကန် အာကာသယာဉ်မှူး ဂျက်ဖရီဝီလျံတို့နှင့် အတူ အာကာသခရီးစဉ်တွင် လိုက်ပါသွားခြင်းဖြစ်သည်။ ပေဗယ်နှင့်ဂျက်ဖရီတို့သည်အာကာသတွင် ခြောက်လကြာ အလှည့်ကျ အစီအစဉ်အရ နေထိုင်ကြမည်ဖြစ်သည်။

အခြေအနေမှာ အစစအရာရာ ကောင်းမွန်ကြောင်း၊ မာကို့စ်သည် အာကာသသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စသည်ဖြင့် အာကာသယာဉ် လွှတ်တင်သည့် အစီအစဉ်အား ကြည့်ရှုနေသည့် မာကို့စ်၏ဇနီးသည်အား ရုရှားတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြသ

အာကာသယာဉ်ပေါ်ရှိ ကင်မရာတွင် မာကို့စ်သည် အာကာသယာဉ်ပြတင်းပေါက်အနီး ထိုင်နေပုံနှင့် လက်မထောင်ပြနေသည့်ပုံကို ရုပ်မြင်သံကြားတွင် ပြသခဲ့သည်။

မိမိသည် စိတ်လှုပ်ရှားနေကြောင်း၊ မိမိမည်သို့မည်ပုံ ခံစားနေရသည်ကို ပြန်လည် ရှင်းမပြတတ်ကြောင်း၊ အပျော်ကြီးပျော်ရွှင်ကြောင်း စသည်ဖြင့် မာကို့စ်က မျက်ရည်လည်ရွဲဖြင့် ပြောကြားသည်။

ရုရှားဆိုယုဇ်ဒုံးပျံကို ဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေး စခန်းမှ အာကာသယာဉ်ဆီသို့ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး နှစ်ရက်အတွင်း အာကာသစခန်းသို့ ရောက်ရှိမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဖလူးဂျာမြို့တွင် တိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း ရရှိခဲ့သည့်ဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန် စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်မှာ အမှတ်(၈) ရေတပ်ဆောက်လုပ်ရေး တပ်ရင်းမှဖြစ်ပြီး ဖလူးဂျာမြို့တွင် မတ် ၂၈ ရက်က တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း ရရှိခဲ့သည့်ဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်သည်ဟု စစ်ဘက်ကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းသေဆုံးသည့်သတင်းကို မိသားစုများထံ အကြောင်းကြားနေဆဲဖြစ်၍ အမည်ထုတ်ဖော် ကြေညာခြင်းမရှိသေးပေ။

အမေရိကန်တပ်ဖွဲ့ဝင်များ ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါတပ်ဖွဲ့ဝင်နှင့်ပါဆိုလျှင် ၂၃၂၅ ဦးရှိပြီဖြစ်သည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုယုဇ် အာကာသယာဉ်ဖြင့် လိုက် ပါသွားသော ဘရာဇီးလေတပ်မှလေယာဉ်မှူး ပွန်တက်စ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်မြောက်ပိုင်း၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲ ငါးဦးသေဆုံး

တိုင်ယုအန် မတ် ၃၁

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် ဇောင်ယန်ခရိုင်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှု ဖြစ်ပွားရာ အလုပ်သမား ငါးဦးသေဆုံးပြီး၊ ၁၁ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ အစိုးရက မတ် ၃၀ ရက်တွင် ပြောကြားသည်။

ရှိုကီကျောက်မီးသွေးတွင်းသည် မတ် ၂၉ ရက် ညနေ ၄ နာရီခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် ထိုမိုင်းတွင်း၌ အလုပ်သမား ၁၆ ဦးသည် တိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်နေကြကြောင်း၊ မိုင်းတွင်းပေါက်ကွဲမှုကြောင့် နေရာတွင်ပင် လေးဦးသေဆုံးခဲ့ပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဇောင်ယန်ခရိုင်ဥက္ကဋ္ဌ ဗန်ပင်ဖင်က ပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံ ဆက်ကဆွန်နီပြည်နယ် ကိုနင်စတန်အရပ်တွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသဖြင့် ရေကြီးနေသည်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ကမ္ဘောဒီးယားတွင် ဘဲများ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိ

ဖနောင်ပင် မတ် ၃၁

ကမ္ဘောဒီးယားနှင့်ဗီယက်နမ်နယ်စပ်တွင် လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်ခန့်က ဘဲများ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ထိုဘဲများတွင် H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုး စမ်းသပ်ခဲ့ရာ ရောဂါပိုး တွေ့ရှိရကြောင်း၊ အစိုးရဝန်ကြီးတစ်ဦးက မတ် ၃၀ရက်တွင် ပြောကြားခဲ့သည်။

ထိုရောဂါဖြစ်ပွားသော ခမ်ပေါ့ပြည်နယ် တောင်ပိုင်း သုံးကီလိုမီတာခန့်တွင်းရှိ ဘဲအကောင် ၁၀၀နှင့်ကြက် ၅၉ ကောင်ကျော်တို့ကို သတ်ဖြတ်ခဲ့သည်။ ယမန်နှစ်က ထိုပြည်နယ်တွင် H5 N1 ရောဂါကြောင့် လူနှစ်ဦး သေဆုံးခဲ့သည်။

ကျန်းမာရေးစနစ် အားနည်းမှုနှင့် ကာကွယ်ရေး မကောင်းမွန်မှုကြောင့် ထိုရောဂါပိုးသည် အခြားသောနေရာများသို့ ပျံ့နှံ့မည်ကို ၎င်းတို့စိုးရိမ်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ယမ်ဗန်သန်က ရိုက်တာသတင်းဌာန သို့ပြောကြားခဲ့သည်။

ဖနောင်ပင်မြို့တောင်ပိုင်း ၉၅ကီလိုမီတာအကွာရှိ ရွာအချို့တွင် လူများ၌ ကူးစက်မှုရောဂါ လက္ခဏာမတွေ့ရှိရကြောင်း ၎င်းက ပြောဆိုခဲ့သည်။

၂၀၀၃ခုနှစ်နှောင်းပိုင်း၌ အရှေ့တောင်အာရှ၌ ကြက်ငှက်ရောဂါ စတင်ဖြစ်ပွားချိန်တွင် ကမ္ဘောဒီးယားနိုင်ငံသား သုံးဦးသေဆုံးခဲ့သည်။ ထိုရောဂါပိုးသည် မျိုးဗီဇပြောင်းလဲပြီး လူတစ်ဦးမှ တစ်ဦးသို့လျင်မြန်စွာပျံ့နှံ့ပြီး လူသန်းပေါင်းများစွာ သေဆုံးနိုင်သည့် ကူးစက်ရောဂါဖြစ်လာမည်ကို သိပ္ပံပညာရှင်များ စိုးရိမ်လျက်ရှိသည်။

ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် သေဆုံးခဲ့သော ကြက်များမှ အသက်သုံးနှစ်ရှိ မိန်းကလေးသို့ ကူးစက်မှုဖြစ်လာခဲ့ပြီးနောက် ထိုရောဂါပိုး တိုက်ဖျက်ရန် ပြည်သူများကို အသိပညာပေးမှုများဆောင်ရွက်ရန် ဝန်ကြီးချုပ် ဟွန်ဆန်က မတ် ၂၈ရက်တွင် တိုက်တွန်းခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျန်းမာရေးပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ H5N1 ဗိုင်းရပ်စ်နှင့် ပတ်သက်၍ ပြည်သူများ သိရှိနားလည်မှု အားနည်းခဲ့သည့်အတွက် ခမ်ပွန်စပီပြည်နယ် အလယ်ပိုင်း၌ ထိုမိန်းကလေး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြစ်တင်ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိပ်ချ်အို၏ စာရင်းများအရ ၂၀၀၃ ခုနှစ်မှ စတင်၍ H5 N1 ဗိုင်းရပ်စ် ကူးစက်ခံရသူ ကမ္ဘာတစ်ဝန်းလုံး၌ ၁၈၆ဦးရှိပြီး ထိုအထဲမှ ၁၀၅ဦး သေဆုံး ခဲ့ရသည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အာရှလေကြောင်းခရီးစဉ်တွင် လေယာဉ်ခ သက်သာသောနှုန်းဖြင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ဝန်ထမ်း ၆၀၀၀ ကျော် လျှော့ချခဲ့ရသည့် မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို ကွာလာလမ်ပူလေဆိပ်၌ မတ် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြန်ပေးဆွဲခံထားရသည့် ကန်သတင်းစာဆရာမ သုံးလကြာ အဖမ်းခံရပြီးနောက် ပြန်လည်လွှတ်မြောက်

ဘဂ္ဂဒက် မတ် ၃၁

အမေရိကန်သတင်းစာဆရာမ ဂျီးလ်ကာရိုးလ်သည် ပြန်ပေးဆွဲခံထားရရာမှ ကြာသပတေးနေ့တွင် ပြန်လည်လွတ်မြောက်လာပြီဖြစ်သည်။ ၎င်းသည် ဘဂ္ဂဒက်တွင် သုံးလကြာနီးပါး အဖမ်းခံထားရပြီး လွတ်မြောက်လာခြင်းဖြစ်သည်။

မိမိလွတ်မြောက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ မိမိ၏ မိသားစုနှင့် ပြန်လည်ဆုံစည်းနိုင်ပြီဖြစ်ကြောင်း ကာရိုးလ်က ဘဂ္ဂဒက် ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ပြန်ပေးသမားများက မိမိကိုကောင်းမွန်စွာ ဆက်ဆံကြကြောင်း၊ မိမိကို ခြိမ်းခြောက်ခြင်းမရှိသလို ရိုက်နှက်ခြင်းလည်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ၎င်းအတွက် သက်သောင့်သက်သာ နေထိုင်နိုင်မည့် အခန်းတစ်ခန်းပေးထားပြီး လွယ်လင့်တကူ အဝတ်လျှော်နိုင်ဖွပ်နိုင်ကြောင်း၊ သို့ရာတွင် ယင်းနေရာမှအခြားနေရာသို့ မသွားလာနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းသတင်းစာဆရာမသည် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ဘဂ္ဂဒက်မြို့တော် အစိမ်းရောင်ဒေသတွင်ရှိနေကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။ အမေရိကန်သံရုံးနှင့် စစ်ဘက်က ၎င်းလွတ်မြောက်သည့်ကိစ္စအပေါ် ဝေဖန်ပြောကြားမှုမရှိပေ။

အထူးတပ်ဖွဲ့က ခရစ်ယာန်ငြိမ်းချမ်းရေးအဖွဲ့မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ကယ်တင်ပြီးခဲ့သည့်နောက် ရက်သတ္တပတ်အကြာတွင် ဂျီးလ်ကာရိုးလ် လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ ၎င်း၏စကားပြန်ဖြစ်သူမှာ ပြန်ပေးဆွဲခံရစဉ် အတွင်း အသတ်ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အခွန်လွတ်ဈေး၏ရည်ရွယ်ချက် မပျောက်ပျက်အောင်ထိန်းသိမ်း အသားငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချ

ရန်ကုန် ဧပြီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဆွေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့လိုက်ပါလျက် ယနေ့နံနက် ၆နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည်ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏အဝတ်အထည်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှု အောက်ရှိ တပ်နယ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါး မွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး M.M.G Jetty၊ ပုဂ္ဂလိက မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ လူမှုရေး အသင်းအဖွဲ့များ၏ အလှုပန်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီနှင့် ကုန်ခြောက် ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့်လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရောင်းချခဲ့သည့် သက်တမ်းကာလကြာမြင့်လာသည်နှင့်အမျှ ဈေးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရန်၊ တာဝန်ရှိသူများက အလေးချိန်ခွင်မှန်ကန်စေရေးအတွက် ကြပ်မတ်ကြရန်နှင့် ဈေးရောင်းသူများကလည်း သန့်ရှင်း လတ်ဆတ်သည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ရောင်းချကြရန် မှာကြားပြီး ဈေးရောင်းသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ နံနက် ၇ နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဆွေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

တတိယအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် သိမ်ဖြူကွင်း၌ စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၁

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ စီစဉ်သော တတိယအကြိမ်ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူယာဉ်မောင်းသင်ကွင်းတွင် ၂၀၀၆ခုနှစ် သင်္ကြန်ကာလအတွင်း စည်ကားစွာကျင်းပရန် အတွက်ညှိနှိုင်းအစည်းအဝေးကို ယနေ့နေ့လယ်က ရွှေတိဂုံဘုရားအနီးရှိ ရခိုင်ဓမ္မာရုံ၌ပြုလုပ်ပြီး လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

သင်္ကြန်အကြိုနေ့မတိုင်မီ ဧပြီ ၁၂ ရက် ညနေ ၃နာရီမှ စတင်၍ ရခိုင်ရိုးရာနံ့သာသွေးပွဲစတင်ပြုလုပ်ပြီးသင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ပွဲ ကျင်းပမည်ဖြစ်သည်။

ထို့နောက် ကျန်ပွဲတော်ရက်များတွင် ဖျော်ဖြေရေးမဏ္ဍပ်တစ်ခု၊ ရိုးရာရေလောင်း မဏ္ဍပ် ၁၂ခုတို့ဖြင့် ရခိုင်ရိုးရာအတိုင်း လောင်းလှေကြီးများ၌ ရေထည့်၍ ယဉ်ကျေးစွာ ရေကစားကြမည်ဖြစ်ကြောင်းသိရှိရသည်။

ယခုနှစ် တတိယအကြိမ်ရခိုင်ရိုးရာသင်္ကြန်ပွဲတော်တွင် မောင်တောမြို့နယ်အသင်း၊ ရခိုင်အမျိုးသမီးအသင်း၊ မြောက်ဦးမြို့နယ်အသင်း၊ဘူးသီးတောင်မြို့နယ်အသင်း၊ ပေါက်တောမြို့နယ်အသင်း၊ မြေပုံမြို့နယ်အသင်း၊ ကျောက်ဖြူအသင်း၊ ရသေ့တောင်မြို့နယ်အသင်း၊ လေးတောင်တိုက်နယ်အသင်း၊ ကျောက်တော်မြို့နယ်အသင်း၊ မင်းပြားမြို့နယ် အသင်း၊ရမ်းဗြဲမြို့နယ် အသင်းတို့မှ လုံမပျိုများ၏ ရေလောင်းမဏ္ဍပ်များပါဝင်မည့်အပြင် ရခိုင်ခေတ်ပေါ်တေးဂီတဖျော်ဖြေရေး အစီအစဉ်များ၊ ရခိုင်ရိုးရာ အစားအသောက်မျိုးစုံရောင်းချသောဆိုင်ခန်းများဖြင့် ယခင်နှစ်များထက် ပိုမိုပျော်ရွှင်ဖွယ်ကောင်းအောင်စီစဉ်ထား၍ ရန်ကုန်မြို့ရောက် ရခိုင်တိုင်းရင်းသားများ သာမက မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ ပွဲတော်စည်ကားစေရေးအတွက် Sponsor များ၊ စီးပွားရေး လုပ်ငန်းဆိုင်ရာ ကြော်ငြာရှင်များ၊ အလှူရှင်များ၊ ရိုးရာအစားအစာ ရောင်းချလိုသူများကို ဖိတ်ခေါ်လျက်ရှိပြီး အဆိုပါပွဲတော်ဆိုင်ရာ ကိစ္စများအတွက် ဆက်သွယ်လိုပါက ဦးသန်းနိုင် ဖုန်း-၀၉-၅၀၁၅၆၄၇၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၈၉၂၂၀၅၇၊ ဦးဦးလှမြင့် ဖုန်း-၀၉-၅၀၀၂၈၃၁၊ ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (၁၉)

အောင်ဆန်းသူရိယလှသောင်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁

အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ၁၉၆၁ခုနှစ်မှ ၁၉၇၂ခုနှစ်အတွင်း တက်ရောက် ပညာသင်ယူခဲ့ကြသော (အဆောင်နေ)ကျောင်းသားဟောင်း များ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၉ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂)မင်္ဂလာဒုံ လှသောင်း ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ဦးညွန့်ဝင်း ဖုန်း-၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း-၂၂၉၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း-၀၉၅၀၀၀၉၄၁၊ ဦးထင်အောင် ဖုန်း-၀၉၅၀၀၀၇၆၃နှင့် ၂၄၄၆၆၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြောက်ဥက္ကလာပမြို့နယ် ဇ-ရပ်ကွက်၊ မဇ္ဈိမလမ်းမကြီးနေ ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါ်တင်ကြည်(ခ)ဒေါ်တင်သန်း၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဖားအောက်တောရ တရားစခန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း သန်လျင်မြို့ ကျိုက်ခေါက်စေတီအနီး သီလဝါလမ်းမပေါ်ရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာတွင် သင်္ကြန်းတရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဖားအောက်တောရဆရာတော်၊ ရေဦးဆရာတော်၊ ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိကဓဇ) တို့က ဝိပဿနာတရားနှင့် အဘိဓမ္မာတရားတို့ကို ဟောကြားညွှန်ပြသွားမည်ဖြစ်ရာ ယောဂီများသည် ဧပြီ ၁၀ရက်ညနေ ၆နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၀၅၆-၂၁၈၂၇သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်းသိရ သည်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁-၄-၂၀၀၆)

ရေး	၀ ဒသမ ၉၄ လက်မ
သထုံ	၀ ဒသမ ၇၄ လက်မ
ဘားအံ	၀ ဒသမ ၇၁ လက်မ
အောင်လံ	၀ ဒသမ ၅၅ လက်မ
တောင်ငူ	၀ ဒသမ ၅၅ လက်မ
ရွှေကျင်	၀ ဒသမ ၄၃ လက်မ
နေပြည်တော်မြို့တော်	၀ ဒသမ ၃၉ လက်မ
သံတွဲ	၀ ဒသမ ၂၈ လက်မ

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

မြောက်ဥက္ကလာပမြို့ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် ဦးနန္ဒာသီရိအရှင်သူမြတ်သည် ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ အဖွဲ့ခွဲအမှတ်(၆) ဆုတောင်းပြည့်ကျောင်း သေိုင်းချောင်းမြို့နှင့် ဧပြီ ၂၁ရက်မှ ၂၅ရက်အထိ ရှားတောကျောင်း၊ ဘန့်ဘွေးကုန်းရွာ မြန်အောင်မြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

လက်မှတ်ပေးအပ်

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊အထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၃၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်က မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ကို မမေသူကျော်အား ပေးအပ်စဉ်။ (ပညာရေး)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရဲရန်အောင် ငါးမွေးမြူရေးစခန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကမာကလူကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့၏ ရဲရန်အောင်ငါးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါကျေးရွာအုပ်စုရှိ ပုဂ္ဂလိကငါးလုပ်ငန်းရှင် ဦးအေးကို၏ တီလားပီးယားငါးမွေးမြူရေးကန်သို့ ဝင်ရောက်လေ့လာရာ ဦးအေးကိုက တီလားပီးယားငါးအသားတိုးမွေးမြူထုတ်လုပ်မှု၊ဈေးကွက်တင်ပို့ရောင်းချမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါကျေးရွာအုပ်စုရှိ ကမာမတ်ချောင်းနှင့် ခရမ်းချောင်းဆုံ၌ တည်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့၏ အကျယ်အဝန်း ဧက ၁၀၀ရှိ ရဲရန်အောင် ငါးမွေးမြူရေး စခန်းသို့ ဆက်လက် သွားရောက်ကြည့်ရှုရာ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက စခန်းအတွင်းငါးမွေးမြူ ထားရှိမှုနှင့် ထုတ်လုပ်ရောင်းချမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းမှ အကြံပေးပုဂ္ဂိုလ် ဦးတင်မောင်သန်းက တီလားပီးယား ငါးသားပေါက်ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် စခန်းအတွင်းရှိ အီဇူမီဒိုင်း (Izumidai) တီလားပီးယားမျိုးငါး ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှု အခြေအနေကို လေ့လာရာ ငါးမွေးမြူရေးပညာရှင် ဦးမောင်သိန်းက အသေးစိတ် ရှင်းလင်းတင်ပြသည်။ အဆိုပါ တီလား ပီးယားငါးမျိုးသစ်မှာ ပြည်ပပို့ကုန် အမယ်သစ် အဖြစ် ငါးအသားလွှာ ထုတ်လုပ်ရန် အထူးသင့်လျော်သော ငါးမျိုးဖြစ်၍ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဧက ၅၀၌ မွေးမြူနိုင်ရန် အတွက် ငါးသားပေါက် ကောင်ရေ ခြောက်သိန်း ပြည့်မီအောင် ထုတ်လုပ်မွေးမြူသွားရန်နှင့် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လောင်စာဆီ အစားထိုးခြံစည်းရိုးကြက်ဆူပင် တိုးမြှင့်စိုက်ပျိုးရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နှိမ်နင်းရေး စသည်တို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခရမ်းမြို့နယ် ရဲတပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုံခြုံရေး၊ စည်းကမ်းကောင်းမွန်ရေး၊ တပ်တွင်းတပ်ပြင် စည်းရုံးရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖိုးကျားဆင်စခန်းစစ်ဆေး နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းဖြစ်ရေးမှာကြား

ရန်ကုန် ဧပြီ ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၁ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် တောင်ငူ(မြောက်) သစ်ထုတ်ရေးဒေသ သာဂရ(ကျွန်း)သစ်ဆိပ်သို့ ရောက်ရှိရာ ဒေသလက်ထောက်အထွေထွေမန်နေဂျာ ဦးဘစိန်က သစ်ထုတ်လုပ်နေမှု၊ သစ်ဆိပ်အရောက်ကားဖြင့် တိုက်ထုတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သစ်ထုတ်ရေး အထွေထွေမန်နေဂျာဦးအေးဝင်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက သစ်ခိုးထုတ်နေမှုများ ပပျောက်စေရေး၊ လူထုဖြန့်ရန်အတွက် လာမည့်နှစ်တွင် အခြားသစ်များ ပိုမိုထုတ်ရန်မှာကြားပြီး သစ်ဆိပ်အတွင်းသစ်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀သို့ ရောက်ရှိလာရာ မြို့နယ်ဦးစီးအရာရှိ ဦးဥက္ကာက စိုက်ခင်းများ တည်ထောင်ထားရှိမှု၊ အပင်များရှင်သန်ကြီးထွားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နှစ်စဉ် စိုက်ခင်းများကို တစ်ဆက်တစ်စပ်တည်း တည်ထောင်သွားရန်၊ သစ်ခိုးထုတ်မှု ပပျောက်ရေးဆောင်ရွက်ရန်တို့ကိုမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၀၅-၂၀၀၆ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၉၀၀ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စံပြသစ်တောကျေးရွာ အမှတ်(၁)ရှိ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ကြီးက ရပ်ရွာအတွက် ဆပ်ပြာနှင့်ဖယောင်းတိုင်များ၊ အခြေခံပညာမူလတန်းကျောင်းအတွက် ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းပြီး ယဉ်ကျေးမှု သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။ စံပြသစ်တောကျေးရွာမှာ သစ်တောစိုက်ခင်းများ အောင်မြင်စေရေးအတွက် တောင်ယာလုပ်ကိုင်သူများကို စုစည်း၍ ကျေးရွာတည်ထောင်ပေးထားခြင်းဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ ပြည့်စုံအောင် ဆောင်ရွက်ထားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် ဖိုးကျားဆင်စခန်းသို့ ရောက်ရှိရာ Asia Green Travels and Tours Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးမင်းလတ်က နိုင်ငံခြားသားများ ဆင်စခန်းလာရောက်မှု၊ ဆင်များကို သင်ကြားပေးထားမှု၊ ကြော်ငြာရိုက်ကူးထားရှိမှုတို့ကို ရုပ်မြင်သံကြားဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းဖြစ်အောင် ဆောင်ရွက်ရေးနှင့် ဆင်များကို လေ့ကျင့်သင်ကြားမှု ပိုမိုပြုလုပ်ပေးရန်မှာကြားပြီး တည်းခိုခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် စိုင်းရ အမြဲတမ်းပျိုးဥယျာဉ်သို့ရောက်ရှိပြီးယခုနှစ်မိုးရာသီတွင် စိုက်ပျိုးရန်ပျိုးထောင်ထားသော ကျွန်းပျိုးပင်များ၊ သစ်မာပျိုးပင်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ဆွာမြို့ရှိ MKTI အထပ်သား စက်ရုံသို့ရောက်ရှိလာရာ မန်နေဂျင်းဒါရိုက်တာ Mr. J.H Kim က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း အင်/ကညင် သစ်များကို သစ်ပါးလွှာနေမှုနှင့် ပြည်ပတင်ပို့ရန် အထပ်သားများ ထုပ်ပိုးထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ (၃)၊ အမှတ် (၇)ထွက်ရှိ

ရန်ကုန် ဧပြီ ၁

ကံ့ကော်ရနံ့များသင်း၍ မွေးပျံ့ခြင်းနှင့်အတူနှစ်ဟောင်းကုန်ပြီး နှစ်ဦးအကြိုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ကျေးလက်ဒေသနေတောင်သူဦးကြီးတို့ နှစ်ဦးအကြိုတွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ကောင်းကျိုးသုခများစွာ ရရှိဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကောင်းကျိုးတစ်စုံတစ်ရာ ပေးစွမ်းနိုင်မည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ကို ၂၀၀၆ ခုနှစ် ဧပြီ ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**



ယခုတစ်ပတ် ဂျာနယ်တွင် ပျားမွေးမြူရေး၊ ထောပတ်သီး ဘာကြောင့်စားသင့်၊ စပါးဥပင်၊ ဇီဝဒီဇယ်ထုတ်လုပ်ရေး ကြက်ဆူစိုက်ပျိုးပေး၊ နှမ်းစိုက်ပျိုးရေး၊ ခရမ်းချဉ်ပင်စိုက်စေချင်၊ ပြည်ပဝင်ငွေတိုးစေသည့် ပြောင်းဖူး၊ ခွာနာလျှာနာရောဂါ၊ သူများအသိုက်ကို မောင်ပိုင်စီးတဲ့ငှက်၊ နှစ်သစ်ကူးလတန်ခူးလ၊ သူခိုးမရှိတဲ့နိုင်ငံ၊ အာနိသင်စုံလင်ငှက်ပျောပင်၊ အညာဒေသဆိတ်မွေးမြူရေး စသည့် ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်း ကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာ ဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀-၃၂)၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

သိန်း ၅၀၀ကံထူးရှင် ဒွေးချယ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

(၂၀၇)ကြိမ်မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀) အထူးဆု

စ ၁၇၂၅၀၈

ကျပ်သိန်း(၃၀၀) ဆုများ

ဏ ၂၉၀၅၂၇
ပ ၃၂၄၀၀၆

ကျပ်သိန်း(၂၀၀) ဆုများ

ပ ၃၃၆၅၉၉
ပ ၂၀၂၈၄၂
ဃ ၆၈၉၈၅၃
င ၅၁၆၃၇၃

ကျပ်သိန်း(၁၀၀) ဆုများ

ပ ၆၄၉၉၄၄
ပ ၉၇၉၆၂၆
ဃ ၄၂၂၄၅၁
ဖ ၄၃၇၄၀၇
တ ၃၅၀၇၀၃
ခ ၂၁၄၉၈၃
ဘ ၉၆၆၀၆၇
ဍ ၄၂၉၀၉၈
ခ ၉၉၀၈၇၀
ထ ၆၆၉၁၂၃
ပ ၁၈၉၈၇၂
ဇ ၃၇၃၃၈၂

ကျပ်သိန်း(၁၀၀) ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုများ

ဌ ၂၈၂၀၀၄
ဋ ၁၄၂၀၀၈
ဒ ၃၁၇၂၆၄
ဇ ၁၉၂၅၃၁
ဈ ၈၇၄၃၅၁
ထ ၆၄၈၇၁၀
ရ ၆၁၉၉၁၂
ဂ ၈၉၁၂၅၄
ဏ ၃၂၉၃၄၁
မ ၂၆၂၃၆၃
ည ၂၃၄၃၇၉
မ ၉၅၃၀၈၁
ဓ ၆၀၉၃၆၃
န ၆၅၅၇၃၄
ဈ ၅၅၃၁၃၀

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် ယနေ့နံနက် ၁၁နာရီက ရန်ကုန်သစ်ရပ်ကွက်တွင်းရှိ လူနေအိမ်များ ပုဂ္ဂလိကအလုပ်ရုံများနှင့် ဘုရင့်နောင်ကမ်းနားလမ်း အိမ်ရှင်မဈေး မီးဖိုချောင်သုံးလုပ်ငန်းအလုပ်ရုံ၌ မီးဘေးကြိုတင် ကာကွယ်ရေးများဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲမင်းထွဋ်၊ ရပ်ကွက်မီးဘေးကာကွယ်တားဆီးရေးအဖွဲ့ဝင်ဦးသန်းထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးကြရာ ဒုအလုပ်ရုံမှူး ဦးစိုးဝင်းလွင်က အလုပ်ရုံတွင်း မီးဘေးကြိုတင် ကာကွယ်ရေး အခြေအနေများ ရှင်းလင်းတင်ပြပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဆွေးနွေးမှာကြားခဲ့သည်။ **(အပေါ်ပုံ)** (၅၀၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	Sunday Talk ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ကိုကို (စက်မှုတက္ကသိုလ်)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	ကြည်နူးခံစားလက်ဆောင် ထုပ်ပိုးမှုများ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	Myanmar Video Rhythm
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	အသည်းရောင်အသားဝါ(စီ) ရောဂါပိုးကို ကုသနိုင်သော နည်းလမ်းများ(အပိုင်း-၁)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	Teen Star(Bambino အဖွဲ့နှင့်တွေ့ဆုံခြင်း)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	အမှတ်(၄) အထပ်သား စက်ရုံ(ပုသိမ်)
၁၀း၅၀	ဂီတသံစဉ်အလှဆင်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	မြန်မာ့ခြင်းလုံး
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ငါမုန်းတဲ့သင်္ကြန်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၈း၂၅	Man;City - Middles-brough
လိုင်း	5-Cartoons(Live)
၉း၀၀	ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports(Live)
၉း၂၅	West Ham-Charlton
လိုင်း	5-Sports (Live)
၁၁း၃၀	Final Score
လိုင်း	5-Sports(Live)

❖ ရွှေဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်သို့ သွားရောက်၍ မျိုးစေ့ပျိုးပင် ၃၀၀၀၀ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့သည် ဘားအံခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဘားကပ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဘားအံခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြစ်ရေတင် လုပ်ငန်းဆိုင်ရာများနှင့် စိုက်ပျိုးရေပေးဝေမှု၊ နွေစပါးနှင့် မိုးစပါး စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိုးစပါးနှင့် နွေစပါး လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်နှင့် အထွက်တိုးမျိုးစပါးများ စိုက်ပျိုးထုတ်လုပ်ရေး တာဝန်ရှိသူများအား မှာကြားကာ ဘားကပ် မြစ်ရေတင် လုပ်ငန်းရှိ ခြံစည်းရိုး ကြက်ဆူပင်ပျိုးခင်းနှင့်သံလွင်မြစ်မှရေကို လျှပ်စစ်မော်တာဖြင့် ရေစုပ်၍ ရေပေးဝေဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဘားအံ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိရာ ခန်းမဆောင်၌ ရွှေသံလွင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်သူက ကွန်ပျူတာကောလိပ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များ မှာကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ သီသီစိုးညွှန့်နှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းအဆောက်အအုံသည် အလျား ၄၈၁ပေ၊ အနံ ၂၃၁ပေရှိပြီး ကျောင်းသားဦးရေ ၂၈၆၀ ပညာသင်ကြားနိုင်သော ပင်မသုံးထပ်ဆောင် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

သံလွင်တံတား(ဘားအံ)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် သံလွင်တံတား (ဘားအံ)သို့ သွားရောက်၍ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတား ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရေး၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တရုတ်လှကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးရန်လျာထားချက် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ဧကေါးသိန်းနှင့် နွေစပါး စိုက်ဧက ၁ဒသမ ၅သိန်း ပြည့်မီ ကျော်လွန်အောင် အလေးထား ဆောင်ရွက်ရေး၊ ဆောင်းသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် ဝန်ထမ်းများ အနေဖြင့် မိမိဝန်ကြီးဌာနမှ ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အလေးထား ဆောင်ရွက်ကြရေး မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တရုတ်လှကျေးရွာ တစ်ဝန်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော နွေစပါးစိုက်ခင်းများနှင့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းဖြင့် ရေပေးဝေလျက်ရှိသော နွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ ဒေသခံတောင်သူများက နွေစပါးစိုက်ခင်းများ၌ မြေဩဇာကြဲပက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့်အတူ ဘားအံတပ်နယ် ခန်းမဆောင်၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များ သံလွင်တံတား(ဘားအံ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဟာသုဝဏ္ဏကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီပုဂ္ဂိုလ်များ၊ ကုသိုလ်ဒါနပြုလိုသူများသည် သုဝဏ္ဏမြို့ မဟာသုဝဏ္ဏ ကျောင်းတိုက် ဖုန်း-၅၇၇၀၁၅ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၁-၄-၂၀၀၆)

ညောင်ဦးနှင့် မကွေး

၃၈ ဒီဂရီစင်တီဂရိတ်

(၁၀၁ ဒီဂရီဖာရင်ဟိုက်)

နယ်စပ်ဒေသအိမ်တွင်းမှု သင်တန်းကျောင်းများ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၄၁)နှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်း အမှတ်စဉ်(၁)ဆင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်တွင် သင်တန်းကျောင်းခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းသို့ အဆင့်မြင့် စက်ချုပ်သင်တန်းသူရှစ်ဦး၊ အခြေခံ စက်ချုပ်သင်တန်းသူ ၂၇ဦးနှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းသူ ၂၂ဦး တက်ရောက်သည်။

ထို့အတူ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ လွိုင်ကော်၊ဘားအံ၊ မြဝတီ၊ရေး၊ ကော့သောင်း၊မောင်တောမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အခြေခံ စက်ချုပ် သင်တန်းဆင်းပွဲများ၊ ချင်းပြည်နယ်ဟားခါး၊ ဖလမ်း၊ မင်းတပ် အမျိုးသမီး အိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်းများ၏ အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေး စက်ဆွဲသင်တန်း၊ အခြေခံ ရက်ကန်း သင်တန်းနှင့် ကနုကမာ ကျောက်စီ ပန်းချီသင်တန်းဆင်းပွဲများ၊ ပူတာအို၊ ဗန်းမော်၊ တီးတိန်၊ ကန်ပက်လက်၊ မတူပီ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်းများ၏ အခြေခံ စက်ချုပ် သင်တန်း၊ အဆင့်မြင့် စက်ချုပ် သင်တန်း၊ သိုးမွေးစက်ဆွဲ သင်တန်း ဆင်းပွဲများ၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ မုဒုံ၊လေရှီး၊ လဟယ်၊ နန်းယွန်း အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်း များ၏ အခြေခံစက်ချုပ်သင်တန်း ဆင်းပွဲများကို သက်ဆိုင်ရာ သင်တန်း ကျောင်း အသီးသီး၌ မတ် ၃၁ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး သင်တန်း ကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်သည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆားလင်းကြီးမြို့ အိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော ဆားလင်းကြီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၈နာရီတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်က သင်တန်း ထူးချွန်ဆုရ သင်တန်းသူ သုံးဦးအား ထူးချွန်ဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ဝန်ကြီးဌာနက တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော အပ်ချုပ်စက်များကို သင်တန်းသူများသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းသူများ၏ လက်ရာ အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ ဆားလင်းကြီးမြို့ပေါ်မှ သင်တန်းသူ ၂၀ နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသူ ၅၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်သည်။

သင်တန်းဆင်း သင်တန်းသူများ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ဝန်ကြီးဌာန အစီအစဉ်ဖြင့် အပ်ချုပ်စက်များကို သက်သာသော ဈေးနှုန်းဖြင့် တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ သတ္တမနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၁

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ သတ္တမနေ့အဖြစ် ဆက်လက်ပြသထားရာ ရပ်နီးရပ်ဝေး ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်ပြခန်း၌ သမိုင်း၏ ဂုဏ်ဒြပ်၊ ဘုရင့်နောင်မင်းတရားကြီးရုပ်တု (တာချီလိတ်)၊ အသိအလိမ္မာ တိုးပွားရာ ပညာရေးကဏ္ဍ၊ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းအရှေ့ပိုင်းမြို့ရွာများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျန်းမာရေးကဏ္ဍ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့၏ ဓာတ်ပုံများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား၊ သမိုင်းဝင် ပန်မိုင်ဆွန်တိုက်ပွဲ၊ တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီးလေးရပ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၊ တိုင်းမှူး တိုင်းအတွင်း လှည့်လည်စစ်ဆေးခြင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ မိုးဟိန်းစစ်ဆင်ရေး၊ အထက်အကြီးအကဲများ တိုင်းအတွင်း လှည့်လည်စစ်ဆေးခြင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ထွန်းကားပြန့်ပွားလာသော ဗုဒ္ဓသာသနာ၊ တြိဂံဒေသတိုင်းအတွင်းရှိ တန်ခိုးကြီးဘုရားများကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်၊ ဇယားများဖြင့် ဝေဝေဆာဆာပြသထားရာ ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါပြပွဲကို ဧပြီ ၄ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

✳ ဒလမြို့နယ်မှ

အထူးဇုန်မှ စိုက်ပျိုးထွက်ရှိသည့် ငွေကျပ် ၁၀ တန် မုန်လာဥ၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ရုံးပတီသီးနှင့် ဆူးပုပ်ရွက်၊ ဘူးရွက်နှင့် ပဲတောင့်ရှည်သီးများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်တို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လူတန်းစားမရွေး စားသုံးနိုင်အောင် ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ၌ ဖြန့်ဖြူးရောင်းချသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက်နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဒလမြို့နယ်ဆိပ်ကမ်းသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

တိုးမြှင့်ဆောင်ရွက်

အဆိုပါ ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်မှာ အရှည် ၂၅၇၆ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပံ့ပိုးငွေကျပ် ၁၄၅ ဒသမ ၃၂၃ သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၅၀ ဖြင့် မူလဂဝံလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၈ နာရီတွင် ဒလမြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ သံဃာကုသဆောင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သံဃာကုသဆောင် ဖွင့်ပွဲအခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်

ဖွင့်လှစ် ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကမ္ပည်းကျောက်စာကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သံဃာကုသဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ဆေးရုံရှိ ခွဲစိတ်မှန်ခန်း၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ မွေးလူနာခန်းနှင့် အမျိုးသမီးလူနာဆောင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၈ နာရီ မိနစ် ၂၀တွင် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်း အတွင်းရှိ သီရိဇေယျာနေဘ်ရထာခန်းမ၌ ကျင်းပသည့် သံဃာကုသဆောင် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆေးပဒေသာပင် အလှူငွေများကို လက်ခံသည်။

ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဘင်ခရာနှင့်ပန်းဖွားအက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ လမ်းသစ်ထိပ်ရှိ မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ ဒလမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က ကတ္တရာလမ်းသစ် ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး

လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်းကုမ္ပဏီလီမိတက်)နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်းကုမ္ပဏီလီမိတက်)တို့က သံဃာကုသဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သံဃာကုသဆောင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍

အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာ၌ ဒလမြို့နယ် ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း လိုအပ်နေသည့် သံဃာကုသဆောင်ကို ဆောက်လုပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယင်းကဲ့သို့ သံဃာကုသဆောင် ဆောက်လုပ်လှူဒါန်းခြင်းသည် သံဃာတော်များ၏ ကျန်းမာရေး စောင့်ရှောက်ကုသမှုကို များစွာ အထောက်အကူဖြစ်စေကြောင်း။

ဒလမြို့နယ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ် ရှိသည့်အနက် ရန်ကုန်မြို့နှင့် ရန်ကုန်မြစ်ခြားကာ တည်ရှိသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ယခင်က ဒလမြို့နယ်၏ ပြည်သူ့ဆေးရုံသည် ၁၆ ခုတင်ဆံ့ ဆေးရုံအဆင့်သာရှိရာမှ ယခုအခါ နိုင်ငံတော် အစိုးရက ၂၅ ခုတင်ဆံ့သို့ တိုးမြှင့်ပေးခဲ့သည့်အပြင် ခွဲစိတ်မှန်ခန်းနှင့် သွားဆေးကုခန်းများ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ သံဃာကုသဆောင်ကိုပါ ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာပြီဖြစ်ကြောင်း။

ယခင်က သောက်သုံးရေ မဖူလုံသည့် ဒလမြို့နယ်တွင် ယခုအခါ ရန်ကုန်ပေါက်ကျေးရွာ၌ အဝီစိတွင်းတူး၍ ပိုက်စနစ်ဖြင့် ဒလမြို့နယ်ရှိ ၁၆ ရပ်ကွက်သို့ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် ကတ္တရာလမ်း များကိုလည်း ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း။

ဒလမြို့နေ ပြည်သူများအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိတို့ဒေသ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒလမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာကုသဆောင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် သံဃာကုသဆောင် ဆောက်လုပ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်း ကုမ္ပဏီလီမိတက်)က ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အလှူရှင် ဒေါက်တာနိုင်ဝင်းက သံဃာကုသဆောင်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သံဃာတော်များ ဆေးကုသနိုင်ရေးအတွက် အလှူရှင်များက ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်းက ငွေကျပ်ငါးသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်တို့က ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်းကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒေါက်တာရဲမြင့်စိုးနှင့် ဇနီး ဒေါ်မေဇော်ခိုင်နှင့် ဦးထင်အောင်ကျော်- ဒေါက်တာပပဝါ မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးဝေလွင်နှင့် ဇနီးနှင့် ဦးအောင်ကျော်မြင့်နှင့် ဇနီး ဒေါ်အမာတို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံဃာတော်များ ဆေးကုသနိုင်ရေးအတွက် ယနေ့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းငွေမှာ ငွေကျပ် ၅၃ သိန်းဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် သံဃာကုသဆောင်မှာ အလျား ၈၁ ပေ၊ အနံ ၂၉ ပေရှိ အုတ်နံရံကပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာထရိတ်ဒင်းကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၃၀၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခန်းမအပြင်ဘက်၌ ပြသထားသော ခြစည်းရိုး ကြက်ဆူမျိုးစေ့၊ ကြက်ဆူပင်အပင်ပေါက်နှင့် ခြံစည်းရိုးကြက်ဆူဆီတို့ကို ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်တို့ကို စိုက်ပျိုးပေးသည်။

အလားတူ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ကလည်း ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်တို့ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုနှင့် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၉ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ ဖောင်းကတောရေလှောင်တမံ
- ၈:၂၀ ၈။ ခါသကြ်န်အဆိုအကများ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြား ကာတွန်းဇာတ်လမ်းတွဲ "Doraemon"
- ၁၂:၀၅ ၅။ ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
- ၁၂:၁၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကြောင်ကလေးကိုချစ်တဲ့ ကောင်လေး" (မင်းမော်ကွန်း၊ နန္ဒာလှိုင်) [ဒါရိုက်တာ-စိုးကျော်ဆန်း]**
- ၂:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၂:၁၀ ၈။ အတီးပြိုင်ပွဲ
- ၂:၃၀ ၉။ **"စည်းကမ်းလိုက်နာဘေးကင်းမှာ" (ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ-ရန်ကုန်)]**
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၆။ တေးဂီတအစီအစဉ်
- ၅:၃၀ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ Discovery
- ၆:၅၀ ၁၁။ ခါသကြ်န်အဆိုအကများ
- ၇:၀၀ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၃၆)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ဇေတဝန်စာသင်တိုက် သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၁

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး)နှင့် ဆရာဦးခင်မောင်ကြည်တို့က သာကေတမြို့နယ် ရှုခင်းသာ ဇေတဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇဝန (အစိုးရဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ မဟာဂန္ထဝါစကပဏ္ဍိတ)၏ ဩဝါဒကို ခံယူလျက် သမထ ဝိပဿနာတရားတော်များကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ နံနက် ၇ နာရီမှ ည ၇နာရီအတွင်း ဟောကြားပို့ချမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် ဇေတဝန် စာသင်တိုက် ရှုခင်းသာ သာကေတနှင့် ဦးဇော်မိုးဟိန်း မြင်တော်သာလမ်း ရဲစခန်းရှေ့ သာကေတတို့ထံတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

❖ တရုတ်နိုင်ငံမှ

တည်ဆောက်မှုတွင် ပုံသေပိုင်ဆိုင်ပစ္စည်း ယွမ် ၃၆ ဘီလီယံ (ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ အဆိုပါ မြို့သစ်တွင် ပြည်သူ ၈၀၀,၀၀၀ခန့် နေထိုင်နိုင်မည်ဟု မျှော်လင့်သည်။

လင်ယန်းဆိပ်ကမ်းမြို့သစ်တည်ဆောက်ရေး စီမံကိန်းကြီးအတွက် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ ယွမ်ဘီလီယံ ၁၂၀ အထိရှိမည်ဟု ခန့်မှန်းကြောင်း စီမံကိန်းလုပ်ငန်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

လင်ယန်းဆိပ်ကမ်းမြို့သစ် အနီးရှိ ယန်ရှန်းရေနက်ဆိပ်ကမ်းကို လွန်ခဲ့သည့် နှစ်ကဖွင့်လှစ်ခဲ့သည်။ ရေနက်ဆိပ်ကမ်းဖွင့်လှစ်နိုင်ခြင်းဖြင့် ရှန်ဟိုင်းမြို့ကို ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော ကုန်သေတ္တာလွှင်ပြင်ဆိပ်ကမ်းအဖြစ်သို့ ပြောင်းလဲနိုင်မည်ဟု မျှော်လင့်ရသည်။ **အင်တာနက်။**

မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအထိ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့၌ ကြက်များ အသေအပျောက်ရှိခဲ့ပြီး မတ်လပထမပတ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး (H5 N1) စတင်စစ်ဆေးတွေ့ရှိခဲ့ရာမှ ယခုအခါ စစ်ကိုင်းတိုင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦးမြို့နယ်များနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရမြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ရာ ကြက်မွေးမြူရေးခြံ ၂၂၆ ခြံ၊ ကြက်ကောင်ရေ ၁ ဒသမ ၄သိန်း၊ ကြက်ဥ ၇၀၅၆၀၊ ငုံးမွေးမြူရေးခြံ ၆၃ ခြံမှ ငုံးကောင်ရေ ၁ ဒသမ ၃ သိန်း၊ ငုံးဥ ၅၁၈၅၅ လုံးဖျက်ဆီးခဲ့သည်။ ရောဂါဖြစ်မြို့နယ်များအတွက် ရောဂါကန့်သတ်နယ်မြေများ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ကြက်နှင့်ကြက်ထွက်ပစ္စည်း၊ မွေးမြူရေးလုပ်ငန်းအသုံးအဆောင်ပစ္စည်းများ သယ်ယူပြောင်းရွှေ့တားမြစ်မှုများအရ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရောဂါထိန်းချုပ်မှုများ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော FAO/JICA/ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ရှိ အမျိုးသားတိရစ္ဆာန်ကျန်းမာရေး ဓာတ်ခွဲခန်း၊ ထိုင်းနိုင်ငံတိရစ္ဆာန် မွေးမြူရေးဖွံ့ဖြိုးမှုဌာန DLD တို့နှင့် ပူးပေါင်း၍ ရောဂါထိန်းချုပ်ရေး နည်းပညာအကူအညီများ၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတ်ခွဲ ခန်းသုံးပစ္စည်းအကူအညီများရယူ၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ FAO ဒေသညှိနှိုင်းရေးမှူး Dr. Watanee နှင့် အမေရိကန်နိုင်ငံ USAIDမှ Dr.J.Mac.Artherတို့သည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပညာရှင်များနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး Dr. J.Mac Arther အနေဖြင့် မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့၏ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မှု၊ ကြက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားမှု သတင်းကို သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပွင့်လင်းကြည်လင်သော ကြေညာချက်များထုတ်ပြန်မှုနှင့် ရောဂါထိန်းချုပ်မှုကို ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူပညာရှင် Dr. Sudaratသည် မတ် ၂၈ ရက်တွင် ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များနှင့် ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးမှုကို ခေတ်မီနည်းပညာရပ်များ အသုံးပြု၍ ရောဂါရှာဖွေစစ်ဆေးနည်းများကို နှစ်ပတ်ကြာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် FAO မှ ဒေသ ညှိနှိုင်းရေးမှူး Dr.Watanee နှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှု ပူးပေါင်း ဆောင်ရွက်ရေးပညာရှင် Dr.Prasitသည် မတ် ၃၁ ရက်တွင် ရောက်ရှိလာပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုကို ဒေသခံ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် နှစ်ပတ်ကြာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီ ရယူဆောင်ရွက်လျက်ရှိရာတွင် ရောဂါကာကွယ်ရေးဝတ်စုံ၊ ဆေးဖျန်းပုံး၊ ပိုးသတ်ဆေးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ပြည်သူလူထု ပညာပေးအထောက်အကူပြုရုပ်ပြ ပိုစတာများ စုစုပေါင်း ထောက်ပံ့ကူညီမှု တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသိန်းကျော် လက်ခံရရှိအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေမန်းဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးဒေါင့်ကန်လမ်းမ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက် အဖွဲ့ခွဲအမှတ်(၃၁၈)၌ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကို ဧပြီ ၆ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာနနာယက (ကမ္ဘဋ္ဌာနာစရိယ)ဆရာတော် ရွှေမန်းဦးသုရိယ (ဓမ္မာစရိယ) ဓမ္မကထိကဗဟုဇနဟိတဓရ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်၍ စာရင်းပေးသွင်းထားသော ယောဂီများ ဧပြီ ၆ရက်ညနေ ၅နာရီအရောက် လာရမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး မျက်နှာကြက်တစ်ခန်းစာအတွက် နှစ်ဖက်မိဘများနှင့် မယ်တော်ကြီး ဒေါ်ကျင်လှိုင်အား ဦးထိပ်ထား၍ မောင်ဝင်းမြင့်အောင်(ခ)ဝင်းနောင်နှင့် မချိုချိုသက်(ခ) မီးမီးတို့၏ မင်္ဂလာဦးအလှူအဖြစ် ကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့-အဖွဲ့ဝင် ဦးခင်စိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေမင်းဝန်တောရ တရားအားထုတ်ပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် အမှတ်(၃)လမ်းမကြီး အနီးရှိ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျ ဦးစီး၍ တရားအားထုတ်ပွဲကို တန်ခူးလဆန်း ၁၅ရက် နံနက် ၈နာရီမှစ၍ တန်ခူးလဆုတ် ၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားအားထုတ်သူများအား အခမဲ့ အသက်လွတ်အာဟာရဒါနပြုမည်ဖြစ်ရာ ကုသိုလ်ယူလှူဒါန်းလိုသူများနှင့် တရားဝင်လိုသူများသည် ဖုန်း-၆၉၉၁၆၃၊ ၆၃၈၀၈၇၊ ၀၉-၅၀၁၁၂၇၉သို့ စာရင်းပေးသွင်းပြီး ဧပြီ ၁၁ရက် ညနေ ၅နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။ (က-ပ)



ပဝါမကူ ရေမရှူစတမ်း ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ် ချန်ပီယံလုပွဲ

မြန်မာ့ရိုးရာ လက်ဝှေ့ကျော်နှင့် ဩစတြေးလျ လက်ဝှေ့သမားတို့ မထိုးသတ်မီ လက်ဝှေ့ရေးပြသကြစဉ်။

ရန်ကုန် ဧပြီ ၁

မြန်မာ့ရိုးရာလက်ဝှေ့သည် မြန်မာတို့၏ ရိုးရာကိုယ်ခံပညာစစ်စစ်ဖြစ်သည်။ တစ်ချိန်က မြေဝိုင်းအတွင်း ကြောက်ရှုံး၊ ကွဲရှုံး၊ သက်လုံရှုံး နေကုန်ရေခန်း ထိုးသတ်လာခဲ့ရာမှ နောက်ပိုင်းတွင် ကြိုးဝိုင်းအတွင်း အချီအရေအတွက်သတ်မှတ်ချက်ဖြင့် သိပ္ပံနည်းကျ အားကစားပြိုင်ပွဲတစ်ရပ်အဖြစ် ပြောင်းလဲကျင်းပလာခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့၏ သတ်လုံးသတ်ကွက်၊ ရိုးရာလက်ဝှေ့ကျော်တို့၏ ကြံ့ခိုင်၊ မာကျောမှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကြောင့် နိုင်ငံတကာမှ စိတ်ပါဝင်စားကာ လာရောက်လေ့လာကြည့်ရှုကြသကဲ့သို့ တိပ်ခွေ၊ ဗီဒီယို၊ ဗီစီဒီများမှ တစ်ဆင့် ပြန်လည်ကြည့်ရှုလေ့လာကြသည်ဟု သိရသည်။

မြန်မာရိုးရာလက်ဝှေ့အားကစားကို နိုင်ငံတကာမှ တဖြည်းဖြည်း လူသိများလာသည့်အလျောက် မြန်မာ့လက်ဝှေ့ကျော်များအား ပြည်ပသို့ ဖိတ်ခေါ်ယှဉ်ပြိုင် ထိုးသတ်သကဲ့သို့ နိုင်ငံတကာမှ အားကစားသမားများလည်း မြန်မာနိုင်ငံသို့ လာရောက်ကာ စိန်ခေါ်ပွဲများ ထိုးသတ်နေကြသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက် အဖွဲ့ချုပ်၏ ပထမဆုံးအကြိမ် လှုပ်ရှားမှုအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲကို မေ ၆ရက်မှ ၂၁ရက်အတွင်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၁၉၉၆ခုနှစ် ပထမအကြိမ် ရွှေခါးပတ် ချန်ပီယံ ရွှေရူဝံ (ဘားအံ)။

၁၉၉၆ ခုနှစ် ပထမ အကြိမ် ရွှေခါးပတ်လုပွဲ ရွှေခါးပတ်ချန်ပီယံ ဝမ်ချိုင်း (မြဝတီ)။

၂၀၀၀ ပြည့်နှစ် ဒုတိယ အကြိမ် ရွှေခါးပတ် ချန်ပီယံလုပွဲ လိုက်ဝယ်တာဝိတ်တန်း ရွှေခါးပတ် ချန်ပီယံ အိန္ဒုမောင်မောင် (ဘားအံ)။



၂၀၀၀ပြည့်နှစ် ဒုတိယအကြိမ် ရွှေခါးပတ်လုပွဲ ဖယ်သာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေး (မြို့တော်စည်ပင်)။

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်လုပွဲကို ၁၉၉၆ခုနှစ်က ပထမအကြိမ် ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကို ၂၀၀၀ ပြည့်နှစ်၌ ကျင်းပခဲ့ရာ ယခုကျင်းပမည့်ပြိုင်ပွဲသည် တတိယအကြိမ်ပင်ဖြစ်သည်။

မြန်မာ့နိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့ရွှေခါးပတ်လုပွဲကို–

- **မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်များပေါ်ထွက်လာပြီး မြန်မာ့ရိုးရာလက်ဝှေ့ နိုင်ငံတကာ အဆင့်မီတက်လှမ်းနိုင်ရန်၊**
- **အနယ်နယ်အရပ်ရပ်ရှိ လက်ဝှေ့သမားများ တစ်နေရာတည်းတွင် စုစည်းရောက်ရှိတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊**
- **တစ်မျိုးသားလုံး ရိုးရာစိတ်ဓာတ်နှင့် အားမာန်ဖြစ်ပေါ်လာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊**
- **ကိုယ်အလေးချိန်တန်းအလိုက် ချန်ပီယံများထွက်ပေါ်လာစေရေးနှင့် လက်ဝှေ့သမားများအဆင့် သတ်မှတ်နိုင်ရန်၊ လက်ရှိ ရိုးရာလက်ဝှေ့သမားများ အရည်အချင်းပြည့်ဝလာစေရန်**

ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်သည်။

မေလအတွင်း ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ်လုပွဲတွင် လိုက်ဖလိုင်းဝိတ်တန်း (၄၈ ကီလို)၊ ဖလိုင်းဝိတ်တန်း (၅၁)ကီလို၊ ဘင်တန်ဝိတ်တန်း (၅၄ကီလို)၊ ဖယ်သာဝိတ်တန်း (၅၇ကီလို)၊ လိုက်ဝိတ်တန်း (ကီလို၆၀)၊ လိုက်ဝယ်လ်တာဝိတ်တန်း (၆၃ဒသမ၅ကီလို)၊ ဝယ်လ်တာဝိတ်တန်း (၆၇ကီလို)၊ လိုက်မစ်ဒယ်ဝိတ်တန်း(၇၁ကီလို)နှင့် မစ်ဒယ်ဝိတ်တန်းနှင့် အထက်(၇၅ကီလိုနှင့် အထက်အလွတ်တန်း) စုစုပေါင်း ဝိတ်တန်း ကိုးတန်းကျင်းပမည်ဖြစ်သည်။

၁၉၉၆ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် ရွှေခါးပတ်လုပွဲ၌ လိုက်ဟဲဗီးဝိတ်တန်း၌ ဝမ်ချိုင်း (ခ)အလွမ်း (မြဝတီ)၊ မစ်ဒယ်ဝိတ်တန်းတွင် ရွှေရူဝံ (ဘားအံ)၊ လိုက်မစ်ဒယ်ဝိတ်တန်းတွင် မောင်မောင်ကြီး(သာစည်)၊ ဝယ်လ်တာဝိတ်တန်းတွင် မိုးပုလဲ(မိဂသီ)၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် စောသဲအောင် (တွံတေး)၊ လိုက်ဝိတ်တန်းတွင် ဇော်ဝင်းထွန်း (သထုံ)၊ ဖယ်သာဝိတ်တန်းတွင် ဝမ်းဒေါ်လာ (မန္တလေး)၊ ဘင်တန်ဝိတ်တန်းတွင် ကျော်ခေါက် (သထုံ) နှင့် ဖလိုင်းဝိတ်တန်းတွင် ပသျှူးလေး (ဝိုင်အမ်စီ အေ)တို့ ရွှေခါးပတ်များ ဆွတ်ခူးရရှိခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ်က ကျင်းပသည့် ဒုတိယ အကြိမ် ရွှေခါးပတ်လုပွဲတွင် လိုက်ဖလိုင်းဝိတ်တန်း၌ သူရလင်းထွဋ် (ရွှေဒေါ်ပုံ)၊ ဖလိုင်းဝိတ်တန်း၌ သန့်ဇင်ထွန်း (မြို့တော်စည်ပင်)၊ ဘင်တန်ဝိတ်တန်း၌ ဝင်းထွန်း(သစ်တော)၊ ဖယ်သာဝိတ်တန်း၌ နိုင်းဝမ်းလေး (မြို့တော်စည်ပင်)၊ လိုက်ဝိတ်တန်း၌ စောသဲမျိုး (K.L.N)၊ လိုက်ဝယ်လ်တာဝိတ်တန်း၌ အိန္ဒုမောင်မောင် (ဘားအံ)၊ ဝယ်လ်တာဝိတ်တန်း၌ ထိန်ချုံး (မြစ်ကြီးနား)၊ လိုက်မစ်ဒယ်ဝိတ်တန်း၌ အယ်ထီး ကော် (K.L.N) နှင့် မစ်ဒယ်နှင့် အထက်ဝိတ်တန်း၌ ရွှေရူဝံ (ဘားအံ) တို့ ရွှေခါးပတ်ချန်ပီယံဘွဲ့ အသီးသီး ဆွတ်ခူးရရှိခဲ့ကြပြီး ပြိုင်ပွဲ၏ တံခွန်စိုက်ဒိုင်းဆုကို မြို့တော်စည်ပင် ရိုးရာလက်ဝှေ့အဖွဲ့ကရရှိခဲ့သည်။

ယခု တတိယအကြိမ် ကျင်းပမည့် ရွှေခါးပတ် ချန်ပီယံလုပွဲသည် ခြောက်နှစ်ကြာမှ ပြန်လည်ကျင်းပနိုင်သည့် ရွှေခါးပတ် ချန်ပီယံလုပွဲဖြစ်ရာ မျိုးဆက်သစ် ရွှေခါးပတ် ချန်ပီယံသစ်များ ပေါ်ထွက်လာမည်ဖြစ်သည်။

တတိယအကြိမ် ရွှေခါးပတ် ချန်ပီယံလုပွဲတွင် (K.L.N) ရိုးရာလက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ အလင်းရောင် ရိုးရာလက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ မြန်မာပြည်သား ရိုးရာလက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ ရွှေတွံတေးရိုးရာ လက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရိုးရာလက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ ပြည်ထဲရေးဝန်ကြီးဌာန ရိုးရာလက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ သူရဲကောင်း ရိုးရာလက်ဝှေ့အသင်း (ရန်ကုန်တိုင်း)၊ မြိုင်ကလေး ဘိလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့အသင်း (ကရင်ပြည်နယ်)၊ မြဝတီ ကျွဲမင်းရိုးရာလက်ဝှေ့အသင်း(ကရင်ပြည်နယ်)၊ တောင်ကလေး ရိုးရာ လက်ဝှေ့အသင်း (ကရင်ပြည်နယ်)၊ မြိုင်ကြီးငူ ရိုးရာလက်ဝှေ့အသင်း (ကရင် ပြည်နယ်)၊ နှစ်ရှည် ဥယျာဉ်ခြံရိုးရာ လက်ဝှေ့အသင်း (ကရင်ပြည်နယ်)၊ ရိုးမဟာခြေလှမ်းသစ် ရိုးရာလက်ဝှေ့အသင်း (ကရင်ပြည်နယ်)၊ ဇာနည်မောင် ရိုးရာလက်ဝှေ့အသင်း (ကရင်ပြည်နယ်)၊ မဟာကေရာဇ် ရိုးရာ လက်ဝှေ့အသင်း (မန္တလေးတိုင်း)၊ ပတ်မစိန်ရိုးရာလက်ဝှေ့အသင်း (မန္တလေးတိုင်း)၊ ရွှေလက်သီးရိုးရာ လက်ဝှေ့အသင်း (မန္တလေးတိုင်း)၊ မန္တလေးတိုင်းမှ သီးခြားလက်ဝှေ့ကျော်များ၊ ပဲခူးတိုင်းမှ သီးခြားလက်ဝှေ့ကျော်များ၊ တနင်္သာရီတိုင်းမှ သီးခြားလက်ဝှေ့ကျော်များ၊ ဧရာဝတီတိုင်းမှ သီးခြားလက်ဝှေ့ကျော်များ၊ ကချင်ပြည်နယ်မှ သီးခြားလက်ဝှေ့ကျော်များ၊ မွန်ပြည်နယ်မှ သီးခြားလက်ဝှေ့ကျော်များ၊ ၉၀၇ ဒေါနခြေလှမ်းသစ် ရိုးရာလက်ဝှေ့အသင်း (ကရင်ပြည်နယ်) နှင့် မြို့တော်စည်ပင်အသင်း (ရန်ကုန်တိုင်း)တို့မှ မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ရွှေခါးပတ်ချန်ပီယံ ဝမ်ချိုင်းနှင့် အမေရိကန်လက်ဝှေ့သမားတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။ (အဆိုပါပွဲတွင် ဝမ်ချိုင်းက အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။)

သတ်မှတ်

ရွှေခါးပတ် ချန်ပီယံလုပွဲကို အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မေ ၆ရက်နှင့် ၇ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များနှင့် လူရွေးပွဲများထိုးသတ်ပြီး မေ ၁၃ရက်နှင့် ၁၄ရက်တွင် အကြိုဗိုလ်လုပွဲများ ထိုးသတ်မည်ဖြစ်သည်။ ဗိုလ်လုပွဲကို မေ ၂၀ရက်နှင့် ၂၁ရက်တို့၌ ကျင်းပရန် သတ်မှတ်ထားသည်။

၂၀၀၆ခုနှစ် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲမှ ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံများ ပေါ်ထွက်လာရေးအတွက် ပဝါမကူ ရေမရှူစတမ်း အသည်းမာမာ ခွဲပါပါဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြမည့် ပွဲကြီးပွဲကောင်းများကို စောင့်စားကြည့်ရှုကြရတော့မည်ဖြစ်သည်။ (ကြေးမုံ)

Lolane Whita Care **အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားတွင် အသားအရေထိန်းသိမ်းပုံ အဆင့်ဆင့်နှင့် Whita Care ပစ္စည်းအသုံးပြုပုံတို့ကို ရှင်းလင်းပြသစဉ်။** (သတင်းစဉ်)

အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

Grand Wynn Enterprise Ltd, Lolane မှ အသစ် ထုတ်လုပ်လိုက်သော Lolane Whita Care အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဝေဇယန္တာ Shopping Centre ၌ သကြန်အကြိုဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ စာနယ်ဇင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စား လှယ်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ SC Artistry Co., Ltd. မှ Mr. Kirapat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာပညာရှင် Mrs. Pimolrat က အသားအရေထိန်းသိမ်းပုံ အဆင့်ဆင့်နှင့် Whita Care ပစ္စည်း အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အနုပညာရှင်များက Whita Care ပစ္စည်းသစ်နှင့် ပရိသတ်များကို မိတ်ဆက်ပေးသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားပြင်းလျှင်လှုပ်

ရန်ကုန် ဧပြီ ၁

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီ ၃၄မိနစ်၊ စက္ကန့် ၄၀အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၇၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (ထိုင်ဝမ်ဒေသ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၁အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့ တုံဟုံး-ပင်လောင်း လမ်းသစ်လမ်းအူကြောင်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

❀ လမ်းပန်းဆက်သွယ်မှုမှ

နံနက် ၁၁နာရီတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဦးအောင်သောင်းတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်နှင့် ဖယ်ခုံမြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ဒေသခံများ၊ တောင်သူများနှင့်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဒေသထွက်ကုန်သီးနှံများ ဒေသတစ်ခုမှတစ်ခုသို့ ပို့ဆောင်ရာ၌ လျင်မြန်၊ မြန်ဆန်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကိစ္စများအား ဆောင်ရွက်နေကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများ တိုးမြှင့်စိုက်ပျိုးသွားကြရန်နှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်းများ ကွာဟမှု ကျဉ်းမြောင်းလာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများပါ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အရှိန်အဟုန်မြှင့်

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝများ မြင့်မားတိုးတက်စေရန် အစဉ်ဆောင်ရွက်ပေးနေကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုလျင်မြန်မြန်ဆန်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှု ဘဝတိုးတက်စေရေး စသည်တို့အတွက် အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ဒေသနေပြည်သူများသည် ဒေသထွက်စားကုန်သီးနှံများကို တိုးတက်စိုက်ပျိုးကြပြီး ပိုလျှံသော သီးနှံများကို မိမိပြည်နယ်မှ အခြားပြည်နယ်နှင့်တိုင်းများသို့ ပုံမှန်ဖြန့်ဖြူးသွားကြရန် တိုက်တွန်းပါကြောင်း၊ မိမိတို့ဘက်ကလည်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးကျော်သန်း၊ ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦးတို့က ဒေသထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသွားမည့် အခြေအနေများကို အသီးသီးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဒေါင်းညီနောင် လက်ဖက်ခြောက်ပွဲရုံမှ ဦးခွန်မောင်သောင်း၊ ဆောင်းပြောင်းကျေးရွာမှ သီးနှံကုန်သည် ဦးတင်ခိုင်၊ လက်ဖက်ခြောက်ပွဲရုံပိုင်ရှင် ဦးသန်းမောင်နှင့် ဒေါ်ခင်စိုးယု၊ ပင်လောင်း ဆန်စက်လုပ်ငန်းရှင် ဦးထွန်းလှိုင်တို့က ဒေသထွက်သီးနှံများ စိုက်ပျိုးမှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကို အသီးသီးတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူး၊ ဝန်ကြီးတို့သည် ပင်လောင်းမြို့မှ ၁ မိုင် ၅ဖာလုံ အကွာ တုံဟုံး-ပင်လောင်း လမ်းသစ်လမ်းအူကြောင်း ဖောက်လုပ်ရေးစခန်းသို့ ရောက်ရှိလာရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်ဌေးက တုံဟုံး-လွိုင်လင်လမ်း တုံဟုံးတံတားထိပ်မှအစပြု၍ ပင်လောင်းမြို့သို့ တိုက်ရိုက်ဖြတ်ထွက်ရန် ရှာဖွေထားသော လမ်းအူကြောင်းနှင့်ပတ်သက်၍ အညွှန်းမြေပုံများဖြင့် ရှင်းလင်းတင်ပြသည်။

တုံဟုံး-ပင်လောင်း လမ်းသစ်လမ်းအူကြောင်း ရှာဖွေခြင်းနှင့်စပ်လျဉ်း၍ တုံဟုံး-လွိုင်မွန်းလမ်း၊ နန့်ပန်-တုံဟုံး-စံကား-လွိုင်ကော်လမ်းနှင့် နောင်တရား-တုံဟုံး- ကျောက်တစ်လုံးကြီး လမ်းဆုံရာဖြစ်သော တုံဟုံးတံတားထိပ်မှအစပြု၍ ပင်လောင်းမြို့သို့ ဖြတ်ထွက်ရန် ရှာဖွေထားသော လမ်းအူကြောင်းဖြစ်သည်။ အဆိုပါ လမ်းဖောက်လုပ်ပြီးစီးပါက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာမည်ဖြစ်သဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပို၍ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

တိုင်းမှူး၊ ဝန်ကြီးတို့သည် ညနေ ၃နာရီတွင် ပင်လောင်းမြို့နယ် နောင်တရားကျေးရွာအနီး တည်ဆောက်လျက်ရှိသော နဂါးဘိလပ်မြေစက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံတည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပမှစက်များ ရောက်ရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုပြီး စက်ရုံ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်သွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စက်ရုံရှင်းလင်းဆောင်၌ ဘိလပ်မြေစက်ရုံ၌ သုံးသော သံကျောက်များ၊ ရွှံ့စေး၊ သဲကျောက်၊ ထုံးကျောက်၊ ဂေါ်တန်ကျောက်နမူနာများကို ကြည့်ရှုသည်။

ယင်းနောက် ကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ စီမံကိန်းမန်နေဂျာ ဦးကျော်လွင်တို့က စက်ရုံအကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများကို တင်ပြကြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်ချက်များ မှာကြားသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေပိုင်းတွင် အောင်ပန်းမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ညောင်ရွှေမြို့နယ်တို့မှ ဒေသခံတောင်သူများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။ ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးတို့က ရှမ်းပြည်နယ်မှ တင်ပို့သည့်ထွက်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖြန့်ဖြူးမှုအပိုင်းတွင် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဒေသခံတောင်သူများက သီးနှံစိုက်ပျိုးဖြန့်ဖြူးမှု အခြေအနေများကို တင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စူဠဘွဲ့ နှင်းသဘင်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁

ပန်းဘဲတန်းမြို့နယ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ရက် မွန်းလွဲပိုင်းက မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် အမှူးပြုသည့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဈေးမိဈေးဖများ တက်ရောက်ကြပြီး ၂၀၀၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် အကြီးတန်းအောင် သံဃာခုနစ်ပါး၊ အလယ်တန်းအောင် သံဃာ ၁၁ပါး၊ အငယ်တန်းအောင် သံဃာခုနစ်ပါးတို့အား စူဠဘွဲ့နှင်းသဘင်နှင့် မူလတန်းမှ ပထမကြီးတန်းအထိ ဆက်တိုက်အောင်မြင်၍ ပထမကြီးတန်းတွင် တစ်နိုင်ငံလုံး ပထမဆုရရှိသည့် ပထမကျော် လူပုဂ္ဂိုလ်အမျိုးသမီး ဒေါ်ဝင်းဝင်းမော်အား ဂုဏ်ပြုပွဲအတွက် ဆွေးနွေးညှိနှိုင်းကြသည်။ အဆိုပါ စူဠဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ဂုဏ်ပြုပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (၂၃)

ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

လှိုင်သာယာမြို့နယ်တွင် ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲကို အောင်မြေသာယာဘုရားရှေ့ တံတားဖြူမှတ်တိုင် ညောင်တုန်းလမ်းမကြီးပေါ်တွင် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

ရခိုင်ရိုးရာလောင်းလှေကြီးများဖြင့် ရေပက်ကစားကြမည်ဖြစ်ပြီး ရိုးရာအကပဒေသာများဖြင့် ဖြေဖျော်ကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်းအချ ပြုလုပ်၍ ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက်(၀၇၀၀)နာရီမှ (၁၈၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်း မပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့

ရန်ကုန် မေ ၁

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က နှစ်စဉ်ပြုလုပ်မြဲဖြစ်သော နှစ်သစ်မင်္ဂလာအကြို မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အသက်(၇၀)နှင့်အထက် စာပေပညာရှင်ကြီးများအား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တက္ကသိုလ်စိုးယဉ်နှင့် အမှုဆောင်အဖွဲ့က ကန်တော့ခံ သက်ကြီးစာပေ ပညာရှင် ၁၂ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးထောင်နှင့် ဆေးဝါးများကို အိမ်တိုင်ရာရောက် ယနေ့ သွားရောက်ပူဇော်ကန်တော့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၄၅** ၇။ ခါသင်္ကြန်အဆိုအကများ
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဆရာတော်ဦးဃောသိတ တရားတော် - ဘုတံဘုတတောပသတိ
- **၉:၁၀** ၁၀။ အပိုတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၁၅** ၄။ မြန်မာ့ရှုခင်း
- **၁၂:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၅၀** ၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - ပြေးသာပြေးပါ (အပိုင်း-၂) ဇာတ်သိမ်းပိုင်း**
- **၀၁:၅၀** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၀၁:၅၉** ၈။ အပိုတ်နှုတ်ဆက်စကား
- **၀၂:၀၀** ၉။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ခါသင်္ကြန်အဆိုအကများ
- **၄:၂၀** ၄။ မျိုးချစ်တပ်မတော်
- **၄:၃၅** ၅။ ခါသင်္ကြန်အဆိုအကများ
- **၄:၄၅** ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၇။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ မိုးလေဝသသတင်း
- **၆:၂၅** ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၂။ ဆပ်ကပ်
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာသည်သာ (အပိုင်း-၁)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ **ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်**
- ၂၀။ ****English Premier League ဘောလုံးပွဲအစီအစဉ် -West Ham Untied Vs Charlton Athletic (Live)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိုတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

● **စားနပ်ရိက္ခာမှ**

စပါးအနေဖြင့် နွေစပါးနှင့် မိုးစပါး၊ နှစ်ရှည်ပင်အနေဖြင့် ပျားလိမ္မော်၊ သရက်နှင့် ငှက်ပျောတို့ကို စိုက်ပျိုးထားသည်။ ပျားလိမ္မော်မှာ ရှမ်းပြည်နယ်ဒေသများတွင်သာ စိုက်ပျိုး၍ ရသည်ဖြစ်သော်လည်း ယခုမြစိမ်းရောင် စိုက်ပျိုးရေးစခန်းတွင် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းသဖြင့် မကြာမီ ဈေးကွက်သို့ တင်ပို့နိုင်တော့မည် ဖြစ်သည်။ "ဒီမှာ စိုက်ပျိုးထားတဲ့ ပျားလိမ္မော်ပင် ၁၂၅၀ ရှိပါတယ်။ မန္တလေးမှာ စိုက်ပျိုးတာအောင်မြင်တဲ့အတွက် ဒီမှာယူစိုက်ကြည့်တာပါ။

မြစိမ်းရောင်စိုက်ပျိုးမွေးမြူရေးစခန်းတွင် အောင်မြင်စွာမွေးမြူထားသော ငါးတန်နှင့် ငါးမြစ်ချင်းများကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဒီမှာက ငါးကန်ဘောင်နဲ့ ကုန်ထုတ်လမ်းဘေးဘယ်၊ ညာမှာ စိုက်တဲ့အတွက် မြေဩဇာ ပိုကုန်ပါတယ်။ ပျားလိမ္မော်က အပွင့်ကနေအသီးရသည်အထိ ၁၀ လ၊ ၁၂ လပဲကြာတယ်။ အပွင့်က နှစ်ပတ်လည်ပွင့်ပြီး အသီးကလည်း နှစ်ပတ်လည် သီးတယ်။ ယခုစသီးတဲ့ အသီးတွေက ချိုလည်းချိုတယ်၊ ရောင်းတန်းလည်းဝင်တယ်။ နေရောင်ခြည်ကို အပြည့်အဝ ရရှိတဲ့ နွေရာသီမှာ အသီးယူနိုင်ရင် အချိုဆုံး ဖြစ်လိမ့်မယ်။ ဈေးကွက်မှာ မြစိမ်းရောင် ပျားလိမ္မော်က နေရာရလာမှာ ပါ"ဟု မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း တာဝန်ခံ ဒုတိယ အထွေထွေမန်နေဂျာ ဦးညွန့်အောင်က ကြေးမုံသို့ ပြောပြသည်။

သရက်အနေဖြင့်လည်း နိုင်ငံခြားသို့တင်ပို့နိုင်သည့် စိန်တစ်လုံးသရက် ၁၆၅ပင်ကို စိုက်ပျိုးထားသည်။ ထို့ပြင် ရွှေဟင်္သာသရက် ၁၆၅ပင်၊ မြကျောက်သရက် အပင် ၇၀နှင့် မချစ်စုသရက်ပင် ၈၀ တို့ကိုလည်း စိုက်ပျိုးထားသည်။ ယင်းစခန်းတွင် သရက်ပင် ၄၈၀၊ ငှက်ပျောပင် ၅၂၀ အပါအဝင် အခြားစားပင်၊သီးပင် စုစုပေါင်း ၇၉၆၃ပင် စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ထို့ပြင် ခြံစည်းရိုး ကြက်ဆူပင်ကို ၂၀၀၆-၂၀၀၇မိုးဦးကျတွင် ငါးဧက စိုက်ပျိုးနိုင်ရေး ပျိုးထောင်ထားရှိပြီးဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်ကောင်ရေ ၁၈၆၀၊ ဝက်ကောင်ရေ ၇၄၈ကောင်၊ ဘဲကောင်ရေ ၁၀၀၀ နှင့် ငါးကောင်ရေ သုံးသိန်းခုနစ်သောင်းကျော်မွေးမြူထားသည်။ "ယခု မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှာ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သံသယဖြစ်ဖွယ် သေဆုံးမှုများ ဖြစ်ပေါ်ပြီးသည့်နောက်ပိုင်းမှာ ဒီကကြက်ခြံတွေကို ကာကွယ်မှုတွေ လုပ်ပါတယ်၊ လူအဝင်အထွက်ကို တားဆီးတယ်၊ ခြံကို သန့်ရှင်းရေးတွေလုပ်တယ်၊ ပိုးသတ်ဆေးတွေဖျန်းတယ်၊ ကြက်တွေကို ကာကွယ်ဆေးထိုးတယ်၊ ကြက်ခြံထဲကို လူဝင်ရာမှာလည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ဝတ်စုံအပြည့်အစုံဖြင့်သာ ဝင်ထွက်ခွင့်ပြုပါတယ်၊ ဒါ့အပြင် ငှက်များမလာအောင်လည်း မောင်းထုတ်ပစ်ပါတယ်၊ ဘဲက ကြက်ထက် ပိုမိုကိုယ်ခံအားကောင်းပေမယ့် ကာကွယ်မှုတွေပြုလုပ်ထားပါတယ်၊ ၂၀၀၄ခုနှစ်က ကြက်ငှက်တုပ်ကွေးစဖြစ်တော့ ကျွန်တော်တို့ဆီမှာ ဘာမှ မဖြစ်ခဲ့သလို အခုဘာရောဂါမှ မဖြစ်ပါဘူး၊ ဒီလိုကြက်ငှက်

မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် နှစ်ရှည်ပင်အဖြစ် စိုက်ပျိုးထားသည့် ပျားလိမ္မော်ပင်များ။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

တုပ်ကွေးရောဂါဖြစ်တော့ ကြက်နဲ့ ကြက်ဥတွေက ဈေးအရမ်း ထိုးကျသွားပြီး ဈေးကွက်အရ ဆုံးရှုံးမှုတွေရှိပါတယ်။ ကျွန်တော်တို့က မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း အတိအကျဆောင်ရွက် နေပါတယ်။ ဒါမှလည်း မွေးမြူသူရော စားသုံးသူပါ ရောဂါဘယကင်းဝေးမှာ ပါဟု" ဒုတိယ အထွေထွေမန်နေဂျာ ဦးညွန့်အောင်က ပြောကြားသည်။

မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းတွင် မိုးရာသီတွင် ရွာသွန်းသော မိုးရေများကို သိုလှောင်ထားသည့်အပြင် ငမိုးရိပ်ဆည်မှ ရေများကို သွင်းယူ စိုက်ပျိုးသည့်အတွက် တစ်နှစ်လျှင် စပါးများကို သုံးသီးစိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။

မြစိမ်းရောင်ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း(လှည်းကူး) အပြင် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ဘားလားကျေးရွာအနီး မြစိမ်းရောင် စိုက်ပျိုးရေးစခန်း(ဘားလား)တွင် ၃၅၄ ဧကအား မြေလွတ်မြေရိုင်းများ ဖော်ထုတ်ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး၊ ဆောင်းသီးနှံ၊ ကုလားပဲနှင့် နွေစပါးတို့ကို စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်း နေကြောင်းသိရှိရသည်။ ထို့ပြင် မအူပင်နှင့် ညောင်တုန်းမြို့နယ်များတွင် ငါးကန်ဧက ၈၀ကို စီးပွားဖြစ်မွေးမြူထားသည်။ တစ်ဧကတွင် ကောင်ရေ ၃၀၀၀ မွေးမြူနိုင်သည်အထိ အောင်မြင်ဖြစ်ထွန်းနေသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဌာနရှိဝန်ထမ်းများအား ရေရှည်ထောက်ပံ့ပေးနိုင်ရန် ယခု မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

(ကြေးမုံ)

အဆင့်မြင့်တန်းပွဲ ဂိုးအပြိုင်အဆိုင်သွင်း ဆောက်လုပ်ရေးက တပ်မတော်(ကြည်း)ကိုနိုင်

ရန်ကုန် ဧပြီ ၁

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်းတွင် တပ်မတော်ကြည်း(က) အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ သာမန်ကစားချိန်မိနစ် ၉၀အထိ သုံးဂိုးစီသရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ရာ ဆောက်လုပ်ရေးအသင်းက နှစ်ဂိုး-တစ်ဂိုး (စုစုပေါင်းငါးဂိုး-လေးဂိုး)ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ဆောက်လုပ်ရေးအသင်း - ငါးဂိုး။

(စိုးသီဟအောင်-နှစ်ဂိုး၊ ထွန်းလင်းအောင်၊ ဆန်းဒေးသိန်းနှင့် တင်ဇော်မိုး တစ်ဂိုးစီ။)

တပ်မတော်ကြည်း(က)အသင်း - လေးဂိုး။

(သက်နိုင်၊ ကျော်ဇင်ဖြိုး၊ နိုင်ကိုဟုတ်နှင့် ညီညီထွေး - တစ်ဂိုးစီ။)

ဒိုင်လူကြီး - ဦးကံသိန်း။

ဆောက်လုပ်ရေး အသင်းမှ တင်ဇော်မိုး၏ ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးပမ်းမှုကို တပ်မတော်(ကြည်း)(က)ဂိုးသမား ခင်ဇော် ကာကွယ်စဉ်။

(ကြေးမုံ)

တပ်မတော်ကြည်း(က)အသင်း၏ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားမှုကြောင့် ဆောက်လုပ်ရေးအသင်းကြီး ခက်ခက်ခဲခဲ ကစားရကာ အချိန်ပိုကျမှသာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အချိန်ပို

ဆောက်လုပ်ရေး အသင်းသည် သုံးကြိမ်တိုင် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ဂိုးသမား ကျော်ဇင်ထက်၏ အမှားများမှတစ်ဆင့် ချေပဂိုးများပြန်ပေးရကာ အချိန်ပိုအထိ ခရီးဆက်ခဲ့ရပြီး အချိန်ပိုတွင် ကြည်း(က)၏ဦးဆောင်မှုကိုခံခဲ့ရပြီးမှ ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူနိုင်ခဲ့၍ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အကြိတ်အနယ်

ယနေ့ပွဲတွင် ပွဲအစပိုင်း၌ နှစ်သင်းစလုံး ကစားကွက်မမိဖြစ်နေ၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့ပြီး တစ်ဂိုးစီသရေဖြစ်ပြီးနောက်ပိုင်းတွင် ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ဂိုးအပြိုင်အဆိုင်သွင်းယူခဲ့ကြရာ ဘောလုံးပွဲကြည့်ပရိသတ်များ ဂိုးသွင်းစွမ်းရည်ကို အပြည့်အဝခံစားကြည့်ရှုခဲ့ရသည်။

ဆောက်လုပ်ရေးအသင်းသည်ကွာတားဖိုင်နယ်၌ ပြည်ထဲရေးနှင့် စွန်ရဲတို့ပွဲမှ အနိုင်ရသော အသင်းနှင့် ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ပြည်ထဲရေးနှင့် စွန်ရဲ

(ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မီးလောင်မှုကြောင့် မလိုလားအပ်သော ဆုံးရှုံးမှု၊ ကြေကွဲဖွယ်ရာ သေကျေဆုံးရှုံးမှုများဖြစ်ပွား သင့်ကြောင့် မီးမလောင်ကြစေရန် နှိုးဆော်

ရန်ကုန် ဧပြီ ၁

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိနေပြီဖြစ်၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့က ပညာပေးခြင်း၊ ဆော်ဩနှိုးဆော်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်း ပေါ့ဆမှုကြောင့် အချို့ဒေသများတွင် မီးလောင်မှုများဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

ပဲခူးတိုင်း(အနောက်) နတ်တလင်းမြို့နယ် သစ်တရာကျေးရွာ၌ မတ် ၂၇ရက်ညနေပိုင်းတွင် ဦးထွန်းဝင်း၏ နေအိမ်၌ထမင်းအိုးတည်ရာမှ ထရံသို့ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် အိမ်ငါးလုံး မီးလောင်ဆုံးရှုံးပြီး ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် နတ်တလင်းမြို့နယ် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ဦးသိန်းဇော်ပိုင် လမ်းဘေးဆီဆိုင်၌ အပူရှိန်ရှိသော သံပုံးထဲသို့ ဓာတ်ဆီထည့်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး အဆောက်အအုံ အနည်းငယ်နှင့် ဓာတ်ဆီ ၁၅ဂါလန်ခန့် မီးလောင်ဆုံးရှုံးသွားခဲ့သည်။

တနင်္သာရီတိုင်း မြိတ်မြို့နယ်၊ ဘုတ်ချောင်းကျေးရွာရှိ ဦးပညာသိဒ္ဓိဘုန်းကြီးကျောင်း၌ မတ် ၂၈ ရက် ညပိုင်းတွင် ဘုရားမီးပူဇော်ရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားပြီး ဘုန်းကြီးကျောင်းတစ်ကျောင်း မီးလောင်ဆုံးရှုံးသွားကြောင်း၊ ယင်းနေ့ ည ၉ နာရီခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မန်မတီကျေးရွာ အမှတ် ၁၇၆ နေ ဦးမင်းနောင်၏ နေအိမ်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ ယင်းနေ့ ည ၁၁ နာရီခန့်တွင် စစ်ကိုင်းတိုင်း တမူးမြို့နယ် ဈေးတန်းရပ်ကွက် နယ်မြေ ၉ အမှတ် ၇၆၂ နေ ဦးဟန်ဒိတ်ထွာ၏ နေအိမ်၌ မီးဖိုမီးကြွင်း မီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ မီးဖိုဆောင်နှင့် ထရံအနည်းငယ် မီးလောင်ခံရပြီး ဒေါ်မန်လားဉာဏ်နှင့် မောင်စွမ်ခန့်ခိုင်တို့ နှစ်ဦး မီးခိုးမွန်း၍ သေဆုံးသွားကြောင်း သိရှိရသည်။

အလားတူ မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်တဲရပ်ကွက် အမှတ်(ဟတ/၂၁၃)နေ ဦးအေးကျော်၏ နေအိမ်ဝက်စာအိုးတည်ရာမှ ထရံသို့ မီးကူးစက်လောင်ကျွမ်းရာ သက်ငယ်နှင့် ဝါးထရံ မီးလောင်ခံရကြောင်း၊ မတ် ၃၀ ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ ရွှေဇေယျာရပ်ကွက် မြယဉ်ပုလဲလမ်း အိမ်အမှတ် ၁၁၄ နေ ဦးခင်ဇော်၏ နေအိမ်အပေါ်ထပ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အဝတ်အစားများ မီးလောင်ခံရပြီး မချောစု အသက် ၂၅ နှစ်နှင့် ၁၅ရက်သားအရွယ် ယောက်ျားလေးတစ်ဦး မီးခိုးမွန်း၍ သေဆုံးသွားခဲ့ရကြောင်း သိရှိရသည်။

လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှု၊ ဝမ်းနည်းကြေကွဲဖွယ်ရာ သေကျေဆုံးရှုံးမှုများ မဖြစ်ပွားရေးအတွက် လူတိုင်း၊ မိသားစုတိုင်းက **"မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိအမြဲရှိ"**၊ **"မီးဘေးရှောင် မလောင်ခင်တား"**၊ "မြို့ရွာတစ်ခွင်သာစေချင် **မီးတွင်မပေါ့နှင့်"**၊ **"သင့်ကြောင့် မီးမလောင်ပါစေနှင့်"** ဟူသော ဆောင်ပုဒ်များနှင့်အညီ မီးပေါ့ဆမှု မရှိစေရန် အမြဲသတိပြုပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ကျုန်စစ်သားလမ်းကတ္တရာလမ်းသစ်ဖွင့် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သံဃာကုသဆောင် ဖွင့်ပွဲကျင်းပ သံဃာတော်များ ဆေးကုသနိုင်ရန် ဆေးပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဧပြီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ ကျုန်စစ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဒလမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာကုသဆောင် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့နှင့်အတူ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ဆိပ်ကမ်းအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းတို့ ခြံစည်းရိုးကြက်ဆူ မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်တို့ကို စိုက်ပျိုးပေးကြစဉ်။
(သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ဆောင်ရွက်ပေးနေ ဒေသခံပြည်သူများအနေဖြင့် ဒေသထွက်ကုန်များ တိုးမြှင့်စိုက်ပျိုး

ရန်ကုန် ဧပြီ ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်ကီကျေးရွာ ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၄၇/၃)သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ဒေသသီးနှံထွက်ကုန်များ လျင်မြန်မြန်ဆန်စွာ ပြည်နယ်နှင့် တိုင်းများသို့ ပေးပို့ရန် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ရေးအတွက်လည်းကောင်း ပေါင်းလောင်းချောင်းဖြတ်ကြိုးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဖေက တံတားတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁

ကြေးမုံ The Mirror အင်တာနက်သတင်း

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် လင်ယန်းမြို့သစ် တည်ဆောက် ကမ္ဘာ့အကြီးဆုံး ကုန်သေတ္တာလွှင်ပြင် ဆိပ်ကမ်းမြို့ ဖြစ်လာမည်

ပေကျင်း ဧပြီ ၁

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပင်လယ်ဆိပ်ကမ်းနှင့် နီးကပ်စွာ မြို့သစ်ကြီးတစ်မြို့ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ရှန်ဟိုင်းရှိ ယန်ရှန်း ရေနက်ဆိပ်ကမ်းအနီးနားရှိ မြေနေရာကို မြို့သစ်အဖြစ် အသွင်ပြောင်းလဲသည့် စီမံကိန်းအတွက် ယခုနှစ်တွင် ယွမ်ငွေ ၅၈ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၇ ဒသမ ၃၁ ဘီလီယံ) ထက်မနည်း ကျခံသုံးစွဲမည်ဖြစ်ကြောင်း ဧပြီ ၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

လင်ယန်းမြို့သစ်ဟူ၍ ခေါ်တွင်မည့် ဆိပ်ကမ်းမြို့သစ်အတွက် အခြေခံ အဆောက်အအုံများ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ရေနက် ပင်လယ်ဆိပ်ကမ်းနယ်မြေရှိ ကုန်သေတ္တာလွှင်ပြင်စခန်းကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြစိမ်းရောင် စိုက်ပျိုးမွေးမြူရေးစခန်းတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နှံစပါးခင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

စားနပ်ရိက္ခာ ထုတ်လုပ်မှု အထောက်အကူပြု မြစိမ်းရောင် ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း

သတင်းမှတ်တမ်း-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဧပြီ ၁

နိုင်ငံတော်၏ စားနပ်ရိက္ခာ ထုတ်လုပ်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ဝန်ထမ်းသက်သာချောင်ချိရေးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်တွင် ဧက ၁၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသည် ယခုအခါ ၃၇၁ ဒသမ ၆၄ ဧက ကျယ်ဝန်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်နေပြီဖြစ်ရာ နိုင်ငံတော်မှချမှတ်ထားသည့် "စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဟူသည့် အချက်ကို အထောက်အကူပြု အကောင်အထည်ဖော်နိုင်နေပြီဖြစ်သည်။

မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသည် လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု ဝါးနက်ကုန်းကျေးရွာ အဝကျယ်ကွင်း ကွင်းအမှတ် (၁၀၂၆)တွင် တည်ရှိသည်။ ၃၇၁ ဒသမ ၆၄ ဧက ကျယ်ဝန်းသော မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတွင် စပါးနှင့် အခြားသီးနှံများကို ၂၈၃ ဒသမ ၃၂ ဧက စိုက်ပျိုးထားပြီး ကျန်ဧကများတွင် ငါးကန်၊ မွေးမြူရေးခြံ၊ ဆန်စက်၊ မြေသြဇာသိုလှောင်ရုံနှင့် မြေဆွေးကျင်း၊ ကုန်ထုတ်ဖြတ်လမ်းနှင့် ကန်ပတ်လမ်း၊ ရေသွယ်မြောင်းမကြီးနှင့် ရေထွက်မြောင်းမြေသားပေါင်စသည်တို့ကို တည်ဆောက်တူးဖော်ထားသည်။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုရန်နှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတွင် စိုက်ပျိုးရေးအနေဖြင့် စပါးနှင့်နှစ်ရှည်ပင်၊ မွေးမြူရေးအနေဖြင့် ကြက်၊ ဘဲ၊ ဝက်၊ ငါးတို့ကို စိုက်ပျိုးမွေးမြူထားသည်။ ထို့ပြင် ဆန်စက်လုပ်ငန်းနှင့် ရိတ်သိမ်းခြွေလှေ့လုပ်ငန်းတို့ကိုပါ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●